# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၃၉)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၁၃ ရက် ၊ ၂၅-၄-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်ကြီး ရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြား



နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အဆောက်အအုံနှင့်

စာမျက်နှာ ၃ သို့ *

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၂၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ သောကြာနေ့။
မန္တလေး

# "ရိုးရိုးကျင့် မြင့်မြင့်ကြံ"ရမည်

လောကတွင် လူတို့သည် စရိုက်မျိုးစုံ၊ စိတ်သဘောထားမျိုးစုံဖြင့် နေထိုင်လေ့ရှိကြသည်။ အချို့သောသူတို့သည် ကောင်းသောစရိုက်ရှိသလို ကောင်းသောစိတ်နေစိတ်ထားရှိကြသည်။ အချို့သောသူတို့မှာ ဆိုးသောစရိုက်နှင့် မကောင်းသောစိတ်နေသဘောထားရှိတတ်သည်။ စိတ်ကောင်းနှလုံးကောင်းရှိသူများသည် သူ၏ပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ကြသည်။ အေးချမ်းသာယာမှုကိုပေးကြသည်။ စိတ်သဘောထားဆိုးသူများသည် မိမိပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ဆူပူနှောင့်ယှက်မှုများကို ဖြစ်ပေါ်စေသည်။ ထိုကဲ့သို့ ကောင်းသောသူများ၊ ဆိုးသောသူများရှိနေသော်လည်း လူတို့၏အတွင်းစိတ်ကို အပေါ်ယံကြည့်ရုံဖြင့် မသိရပေ။ ပေါင်းသင်းဆက်ဆံကြည့်မှသာ သိနိုင်မည်ဖြစ်သည်။

လူတစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြရင်း အချို့ကလည်း အချိန်ကြာမြင့်စွာ ခင်မင်သွားကြသည်။ အချို့မှာ တစ်ခဏအတွင်း မိတ်ဆွေများအဖြစ်မှ လမ်းခွဲသွားကြသည်။ မိမိခင်မင်ရသောမိတ်ဆွေများတွင် စိတ်ကောင်းရှိသူရော စိတ်ထားဆိုးသူရော ရှိနိုင်သည်။ သို့သော် မည်သူကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိကိုယ်တိုင်ရိုးသားစွာနေထိုင်လျှင် ပတ်ဝန်းကျင်နှင့် အဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် ရိုးသားစွာပြုမူနေထိုင်ခြင်းက ကောင်းသောစရိုက်ဟု ပြောလိုပါသည်။

ရိုးသားခြင်းသည် အပြစ်ကင်းသော ဂုဏ်ရည်တစ်ခုဖြစ်ပြီး လူ့ဘုံလောကတွင် အလိုအပ်ဆုံးသော ကိုယ်ကျင့်တရားလည်းဖြစ်သည်။ လူတိုင်းလူတိုင်း အခွန့်ရှည်ကြာစွာ ချစ်ခင်ပေါင်းသင်းလိုပါက ရိုးသားမှုအခြေခံကို ကိုင်စွဲရမည်ဖြစ်သည်။ ရိုးသားသူသည် စိတ်ထားဖြောင့်မတ်တည်ကြည်၍ လူတိုင်း၏ ရိုသေလေးစားအားထားခြင်းကိုလည်း ခံရမည်ဖြစ်သည်။

လူတိုင်းလူတိုင်း စားဝတ်နေရေးအတွက် အလုပ်လုပ်ကြသည်။ အချို့သောသူတို့သည် ရိုးသားစွာလုပ်ကိုင်နေထိုင်ကြသည်။ အလုပ်တစ်ခုဖြင့် မိသားစုစားဝတ်နေရေး မလုံလောက်သဖြင့် အခြားအလုပ်တစ်ခုကို တွဲဖက်၍ လုပ်ကိုင်ကြသည်။ ထိုအခါ အနည်းငယ်အဆင်ပြေကြသည်။ ထို့ကြောင့် လူ့လောကအလယ်တွင် ရှင်သန်နေထိုင်ရေးအတွက် "ရိုးရိုးကျင့် မြင့်မြင့်ကြံ"ရမည်ဖြစ်သည်။ အချို့သောသူတို့မှာ ရိုးရိုးသားသား လုပ်ကိုင်လိုစိတ်မရှိပေ။ ဖြတ်လမ်းမှလိုက်ကာ ကြီးပွားတိုးတက်လိုကြသည်။ ထို့ကြောင့် မသမာသောနည်းလမ်းဖြင့် ပိုက်ဆံရှာကြသည်။ ထိုသူများ၏အဆုံးသတ်သည် ထောင်နန်းစံရပါသည်။

ထို့အပြင် ရိုးသားမှုသည် လူတိုင်းလူတိုင်းအတွက် အဓိကကျသည်မှာ မှန်သော်လည်း ရိုးသားနေရုံနှင့် လောကသည် ဖွံ့ဖြိုးလာမည်မဟုတ် လူလောက ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကောင်းသောအရာအားလုံးကို အမြဲတမ်းလိုလို မြင့်မြင့်ကြံစည်တွေးခေါ် ဖွဲ၊ လုံ့လ၊ ဝီရိယထား လုပ်ဆောင်နေရမည်လည်းဖြစ်သည်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူစင်သောနှလုံး၊ သူတော်ထုံးရန်လည်း လိုအပ်မည်ဖြစ်သည်။

"ရိုးရိုးကျင့် မြင့်မြင့်ကြံ"ဟူသည် စကားပုံတစ်ခုဖြစ်ပြီး ကိုယ်ကျင့်သိက္ခာအရ ရိုးသားဖြောင့်မတ်၍ အကြံအစည်အရ အထွတ်အထိပ်သို့ရောက်အောင် မြင့်မားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ "ရိုးရိုးကျင့် မြင့်မြင့်ကြံ"ခြင်းသည် လူတိုင်းလူတိုင်းအတွက် လူ့ဘဝတွင် အောင်မြင်မှုရရှိရေး နည်းလမ်းကောင်းတစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်သည်။

## စူဠာမုနိရုပ်ရှင်တော်မြတ် ဘက်စုံသုံးရန်အတွက် အလှူငွေကျပ် ၂ သိန်း လှူဒါန်း



**မန္တလေး ဧပြီ ၂၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အတုမရှိကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံသုံးရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင် ဦးကျော်ဇေမင်း+ဒေါ်ဇေမြင့်မိုရ်၊ သား မောင်မိုးခန့် မိသားစုတို့က အလှူငွေကျပ် ၂ သိန်း ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ ဥပဒေချုပ် ဦးမြင့်အောင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရုပ်ရှင်တော်မြတ်ကြီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာနအလိုက် နေ့စဉ် နံနက်ပိုင်းတွင် ဝတ်ရွတ်စဉ်များအတိုင်း ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၈)၊ ၂၈လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ အမရပူရမြို့နယ်၊ ရွှေဥမ်းထုပ်ရပ်ကွက်၊ တရုတ်တန်းလမ်းနှင့် မောင်းတန်းလမ်းဆုံ၊ နဂါးဘုရားဝင်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်းနှင့် ၇၂လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ ဈေးထွန်းတိုက်တန်း၊ အဆောင် ၇နှင့် ၈ကြား၊ မေတ္တာလူမှုကူညီရေးအသင်းရုံးရှေ့၊ သံလျက်မော်တောင်ရပ်ကွက်တို့တွင်လည်းကောင်း၊ ဧပြီ ၂၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၈)၊ ညောင်ကွဲရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးရှေ့၊ လမ်း၁၀နှင့် ၁၁လမ်းကြား၊ ၈၉လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃ လမ်းထောင့်တို့တွင်လည်းကောင်း၊ ဧပြီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ သင်္ဂဇာအရှေ့ပတ်လမ်းနှင့် လမ်း၃၀ထောင့်၊ အမရပူရမြို့နယ်၊ စစ်ကိုင်းလမ်း၊ ရွာသာရပ်၊ မှန်တန်း၊ မိုးကောင်းဓမ္မာရုံ အနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## ငလျင်ဒဏ်သင့် မီးသတ်ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်း

**မန္တလေး ဧပြီ ၂၄**

မန္တလေးမြို့၊ လမ်း၈၀ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့နှင့် မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ မန္တလေးတိုင်းမီးသတ်ဦးစီးဌာနမှ ငလျင်ဒဏ်သင့် မီးသတ်ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုမီးသတ်စခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် အရာရှိများ၊ တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုဝင်များ၊ အလှူရှင်များကိုယ်စား ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ လှူဒါန်းရာတွင် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုများနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ဆန်ခြောက်ပြည်အိတ် ၃၅၀၊ ခြင်ထောင်အလုံး ၇၅၀၊ သွားတိုက်ဆေး ၆ ဖာ၊ သွားတိုက်တံ ၃ ဖာ၊ ခြင်ဆေး ၁၀ ဖာ၊ ပဲဆီ ၁၀ ဖာ၊ ရေသန့်ကတ် ၃၀၀၊ ခေါင်းလျှော်ရည် ၅ ဖာ၊ ခေါက်ဆွဲ ဖာ ၅၀၊ အချိုရည် ၅ ဖာနှင့် Mask ၅ ဖာတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်သစ်သစ်လှိုင်တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(၀၉၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

* ရှေ့ဖုံးမှ

အဆောက်အအုံ အတွင်းရှိ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူ စာစုများ ထားရှိသည့်အခန်း၊ အီလက်ထရွန်နစ် စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ဝန်ဇင်းမင်းရာဇာ ခန်းမ၊ စာအုပ်စင်ခန်းများ၊ ပေ၊ ပုရပိုက်ဌာနစိတ်နှင့် စာကြည့်တိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုများ၊ စာအုပ်များကို အမျိုးအစားအလိုက် ထိန်းသိမ်းထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့်တိုက်အတွင်းရှိ စာအုပ်များအား စာပေအမျိုးအစားအလိုက်ခွဲခြား၍ စနစ်တကျ ပြန်လည် သိမ်းဆည်းခြင်း၊ မှတ်တမ်း တင်ခြင်းများဖြင့် ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည် များကို ပြန်လည် ပြုပြင်ခြင်းများ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့် ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုးဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်ကြောင်း၊ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ မြန်မာ့နိုင်ငံရေး သမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်း သိရှိနိုင်ရန်လိုသည့်အတွက် မိမိတို့ တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက်လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် စာကြည့်တိုက် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**သွားရောက်ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ဥပ္ပါတသန္တိစေတီတော်ကြီးရှိ ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး ရင်ပြင်တော်အချို့နေရာများတွင် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့မှု၊ သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရင်ပြင်တော်နေရာများ၊ မြေထိန်းနံရံနေရာများနှင့်

စာမျက်နှာ ၄ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ပေ၊ ပုရပိုက်ဌာနစိတ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့် ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုး ဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်

☆ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လို

☆ မြန်မာ့နိုင်ငံရေးသမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်းသိရှိနိုင်ရန်လိုသည့်အတွက် မိမိတို့ တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက် လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။

* စာမျက်နှာ ၃ မှ

သာသနိက အဆောက်အအုံအချို့အား ပြန်လည်ပြုပြင်ခြင်းများကို စနစ်တကျဖြင့် အမြန်ဆုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ရနိုင်သမျှဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စေတီတော်ကြီးရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်ရာတွင် စေတနာရှင် အလှူရှင်များအနေဖြင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ရေးအတွက်လည်း နှိုးဆော်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား အစာအာဟာရများကျွေးမွေးခဲ့ကြသည်။

အဆိုပါ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အချင်း တစ်မီတာရှိ Bored Pile ပေါင်း ၄၄ဝ ပေါ်တွင် စနစ်တကျတွက်ချက်၍ အုတ်မြစ်ချ တည်ဆောက်ခဲ့ခြင်း ဖြစ်သဖြင့် ယခုငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရချိန်တွင် မူလစေတီတော်ကြီး၌ အနည်းငယ်သာ ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ စေတီတော်ကြီးရင်ပြင်တော်အနေဖြင့် အချို့နေရာများတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့ရပြီး ထိခိုက်ပျက်စီးခဲ့ရမှုများကို နိုင်ငံတော်အနေဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများ အနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် စေတီတော်ကြီး ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E.Mr. Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်း အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E.Mr.Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မိမိအနေဖြင့် အဆွေတော်၏ နိုင်ငံတွင်လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာ ကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်း၊ မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤတုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်ရပ်ကို ကျော်လွှားနိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ မိမိအနေဖြင့် ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည် ခံစားရပါကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာ အားပေးပါကြောင်း ဖော်ပြပါရှိသည်ဟု သတင်းရရှိသည်။

သတင်းစဉ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်

မိမိအနေဖြင့် အဆွေတော်၏နိုင်ငံတွင် လှုပ်ခတ်ခဲ့သောမြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤတုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်ရပ်ကို ကျော်လွှားနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

မိမိအနေဖြင့် ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည်ခံစားရပါကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာအားပေးပါကြောင်းကို ပြောကြားလိုပါသည်။

လေးစားလျက်

အီဂေါ် ခရက်စ်နော့
ရှေ့နေချုပ်
ရုရှားဖက်ဒရေးရှင်းနိုင်ငံ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်) ကြည့်ရှုစစ်ဆေး





နေပြည်တော် ဧပြီ ၂၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်) အစည်းအဝေးခန်းမ၌ စက်ရုံမှတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

## ဦးစားပေးရောင်းချ

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်သည် ငလျင်ဘေးဒဏ်သင့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်၍ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှသာ ဈေးနှုန်းတည်ငြိမ်မှုရှိမည်ဖြစ်ကြောင်း၊ စက်ရုံမှ ထုတ်လုပ်သည့်ဘိလပ်မြေများကို ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးရုံများ၊ ကျောင်းများ ပြုပြင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေး ရောင်းချရမည်ဖြစ်ကြောင်း။

ထို့ပြင် ငလျင်ဘေးဒဏ်သင့်ဒေသများသို့လည်း ဖြန့်ဖြူးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းအနေဖြင့် စက်ရုံအချင်းချင်း လိုအပ်ချက်များကို အပြန်အလှန်ကူညီပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘိလပ်မြေများ များစွာလိုအပ်၍ စက်ရုံအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံမှ တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ စက်ကိရိယာပစ္စည်းများပြုပြင်ခဲ့မှု၊ စက်ရုံပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်အတွင်း လိုအပ်ချက်မြင့်မားလျက်ရှိသည့် ဘိလပ်မြေများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးမှာကြားပြီး ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ဓာတ်ခွဲခန်းများနှင့် ထုတ်လုပ်ပြီး ဘိလပ်မြေများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန် မော်တော်ယာဉ်များပေါ်သို့တင်ဆောင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပါချီ ဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် တန် ၄၀၀၀ နှင့် တန် ၁၅၀၀ လည်ပတ်ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်းတပ်ဆင်ထားရှိပြီး ၂၀၂၅ ခုနှစ် ဧပြီ ၅ ရက်မှ ၂၂ ရက်အထိ ကလင်ကာတန်ချိန် ၈၀၀၀၀ ခန့် ထုတ်လုပ်ခဲ့ကြောင်း၊ ဘိလပ်မြေကြိတ်စက်ရုံကို ငလျင်လှုပ်ခတ်ပြီးချိန်တွင် သုံးနာရီခန့်ရပ်တန့်၍ စက်များကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ တစ်ဆက်တစ်စပ်တည်း လည်ပတ်၍ ဘိလပ်မြေတန်ချိန် ၆၀၀၀၀ ထုတ်လုပ်ကာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် စက်ရုံမှထုတ်လုပ်သော ကလင်ကာများကို ရန်ကုန်မြို့ သီလဝါစက်မှုဇုန်ရှိ ဘိလပ်မြေကြိတ်စက်ရုံများသို့ ပေးပို့၍ ဘိလပ်မြေများ ထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို စက်ရုံအထိုင်ဈေး တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ နှုန်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်း



နေပြည်တော် ဧပြီ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးငလျင်ဘေးခံစားခဲ့ရသော ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် Shwe Mya Yar Pharmaceutical Factory က ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀၀ ကိုလည်းကောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန် ဂိုဏ်းပေါင်းစုံ သဘာဝဘေးအန္တရာယ်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဖိုရမ်ကော်မတီက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှော်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်များရှိ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ အရံစေတီများ ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကုသရေးအဖွဲ့၏ ယာယီဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကိုလည်းကောင်း၊ ၎င်းရပ်ကွက်ရှိ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသောနေရာများ၌ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)၊ ပိုးတန်းရပ်ကွက်နှင့် နန်းစုရပ်ကွက်တို့ရှိ လူနေအဆောက်အအုံတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ပါရမီရပ်ကွက်ရှိ မလေးရှားနိုင်ငံ ဆေးကုသရေးအဖွဲ့၏ ယာယီဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးသို့သွားရောက်၍ ရတနာပုံဥယျာဉ်လမ်းမတစ်လျှောက် အများပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ မြို့ရိုးအရှေ့ဘက်ရှိ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လွန်ကဲပြာသာဒ်နေရာတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုမီးသတ်ရုံးတို့၌ လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများအား တွေ့ဆုံအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များ ပေးအပ်သည်။ ယင်းနောက် လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ Sky Villa၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel၊ မာကျူရီဟိုတယ်၊ ဘီကျင်ဟိုတယ်၊ တိုင်းဒေသကြီး သမဝါယမဦးစီးမှူးရုံးနှင့် ချမ်းအေးသာစံမြို့နယ်ရှိ အန္တရာယ်ရှိအဆောက်အအုံနေရာများသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအားကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ Sky Villa၊ အမရပူရမြို့နယ်ရှိ ရွှေအိုးရ ရွှေဖားရ ကျောင်းတိုက်၊ ကွမ်စီရင် ဗုဒ္ဓဘာသာ တရုတ်ဘုံကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိဝေသာလီ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ သမိဒ္ဓေါဒယ(ယော) သီလရှင်ပရိယတ္တိစာသင်တိုက်နေရာများသို့သွားရောက်၍ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ လုပ်ငန်းဆောင်ရွက်နေသူများအားစားသောက်ဖွယ်ရာများပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် MOTTAMA Foundationမှ လျှော်ဒဏ်သင့်ပြည်သူများအတွက် ကာလတန်ဖိုး ကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ လူနေမိုးကာတဲ အလုံး ၄၀၀ ကိုမန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ထံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ချမ်းအေးသာစံမြို့နယ် Golden City Hotel ၌ ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဆည်မြို့ သင်တောင်းကြီးကျေးရွာရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရား၌ ရွှေသင်္ကန်းကပ်လှူခြင်း၊ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌သန့်ရှင်းရေးပြုလုပ်နေမှုများကိုလည်းကောင်း၊ ယာယီဈေးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်မည့် စည်ပင်သာယာရေးပိုင်နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက် ဖောင်းရွာကွင်း၌ မြေနေရာရှင်းလင်း ဖော်ထုတ်နေမှုများကိုလည်းကောင်း၊ လျှော်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် မင်းကုန်းမဟာစာသင်တိုက်မှ ကျောင်းဆောင်များအား SOP ဖြင့် စစ်ဆေးခဲ့ပြီး အန္တရာယ်ရှိ လေးထပ်ဆောင်အဆောက်အအုံ ဖြိုဖျက်ရှင်းလင်းဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောက်ဆည်ခရိုင် အတွင်း လျှော်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အအုံ ၁၁၆၇ လုံးအားစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၃၃ လုံး၊ စာမျက်နှာ ၇ သို့ ➡



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အောင်မြေသာစံမြို့နယ်ရှိ ကွမ်စီရင်ဗုဒ္ဓဘာသာတရုတ်ဘုံကျောင်း၌ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ယာယီဈေးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်မည့် ကျောက်ဆည်မြို့ ဖောင်းရွာရပ်ကွက် ဖောင်းရွာကွင်း၌ မြေနေရာရှင်းလင်းဖော်ထုတ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ Police Brigadier General (Retired) Ary Laksmana Widjaja ခေါင်းဆောင်သော အဖွဲ့ဝင် ၄၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်နှစ်ခုဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ သံမှူးကြီး Harlianto နှင့် အင်ဒိုနီးရှားစစ်သံမှူး Col (Mar) Budi Chayono တို့က နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အင်ဒိုနီးရှားဆေးဘက်ဆိုင်ရာအဖွဲ့တွင် အထွေထွေရောဂါကုဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်များ၊ အရိုးအထူးကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်များ၊ ကလေးအထူးကု ဆရာဝန်များ၊ အရေးပေါ်အထူးကုဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ စီမံရေးအရာရှိနှင့်ထောက်ပံ့ရေးအရာရှိများပါဝင်ပြီး နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်(ခုတင်-၅၀)ဆံ့ဆေးရုံ၌ ဧပြီ၇ရက်မှ၂၁ရက်အထိ လျှော်ဘေးဒဏ်သင့်ပြည်သူ ၄၈၇၄ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ စာမျက်နှာ ၆ မှ

ပြန်လည် ပြုပြင်နိုင်မည့် အဆောက်အအုံ ၈၃၀၊ အန္တရာယ်ရှိ အဆောက်အအုံများမှ ၁၆၁ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ၇၂လုံးဖြစ်ကြောင်း သိရသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု ချည်မျှင်လုပ်သားကျေးရွာရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ပန်ဒါချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ (ပုလိပ်)၊ မြောက်ကိုင်းကျေးရွာအုပ်စု ဆယ့်နှစ်ကိုင်းကျေးရွာရှိ EABC(Europe & Asia Beverages Co.,Ltd)စက်ရုံနှင့် ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ Htike Htike အထည်ချုပ်စက်ရုံများသို့ သွားရောက်၍ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ရှမ်းရွာကျေးရွာအုပ်စုရှိ မေတ္တာစွမ်းရည်ရွှေသိမ်တော် ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်စဉ်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်း ထိခိုက်ပျက်စီးသွားသော အခြေခံပညာကျောင်း ၃၂၀ ရှိရာ ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အခြေခံပညာ အထက်တန်းကျောင်းများ အားလုံး၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားခြင်းနှင့် ကျောင်းအတွင်း/အပြင်သန့်ရှင်းရေးတို့ကို အပြီးသတ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်စဉ်။

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ ဧပြီ ၂၄

မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်တော်၊ ရတနာစံကျောင်းတော် အချို့နေရာများ၊ ဒေသစာရီ ကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့၍ ဘုရားဖူးဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘုရားဂေါပကအဖွဲ့က ဘုရားကျောင်းတော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့သည်။

ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဘုရားရင်ပြင်တော် ကျောက်ပြားခင်းခြင်းလုပ်ငန်းနှင့် စံကျောင်းတော်ပင်မဆောင် ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ယခုနှစ်သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲတော်ကာလအမီ အချိန်မီပြီးစီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်သားများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လုပ်အားဒါနရှင်များဖြင့် အရှိန်အဟုန်မြှင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများထည့်ဝင်လှူဒါန်းကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်းထည့်ဝင် လှူဒါန်းငွေကျပ် ၁၂၄၅၀၇၄၇၀၀ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**



❖ စာမျက်နှာ ၂၄ မှ


စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။”

အကြံပြုချက်


၂။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

၃၀-၄-၂၀၂၅ ရက်နေ့




၁-၅-၂၀၂၅ ရက်နေ့




၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

၂-၅-၂၀၂၅ ရက်နေ့



၃-၅-၂၀၂၅ ရက်နေ့







# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှု

**မန္တလေး ဧပြီ ၂၄**

မတ်လ ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်း မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများကို စာစစ်လုပ်ငန်းများ ဆောင်ရွက်နေသည့် မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံမှာ ထိခိုက်ပြိုကျပျက်စီး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရာ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပ စစ်ဆေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ တိုင်းပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေခန်းများ ကြိုတင်ပြင်ဆင်ထားမှု၊ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ခန်းစာများကို ပြန်လည်သင်ကြားပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ကျောင်းရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ အပျက်အစီးများအား ရှင်းလင်းထားမှုများကိုလည်းကောင်း၊ ဆက်လက်၍ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စာဖြေခန်းများ ကြိုတင်ပြင်ဆင်ထားမှု၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ အပျက်အစီးများအား ရှင်းလင်းထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျောင်းများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံးဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုထားပြီးဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြီးဆုံးသည်အထိ ချောမွေ့စွာ ဖြေဆိုသွားနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများရှိခဲ့ရာ တတ်မြောက်ပြီးသင်ခန်းစာများကို အချိန်ကာလတစ်ခုအတွင်း ထိရောက်စွာပြန်လည်သင်ကြားပေးရမည့်အပြင် စိတ်ဓာတ်ခွန်အားများကို နည်းလမ်းမှန်ကန်စွာဖြင့် မြှင့်တင်ပေးသွားရန် လိုအပ်ပါကြောင်း၊ စာဖြေခန်းများ သန့်ရှင်းသပ်ရပ်ရေးနှင့် အလင်းရောင်ကောင်းမွန်စွာရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှုများနှင့်ပတ်သက်၍ ချက်ချင်းဆောင်ရွက်ရသည်များကို ကျောင်းဖွင့်အမီ ချက်ချင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ရွှေကျီးမြင်စေတီတော်နှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေနှင့် အပျက်အစီးများအား ရှင်းလင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း





**မန္တလေး ဧပြီ ၂၄**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းမန္တလေး ငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင် ပြည်သူများက အလှူငွေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းမှုအနေဖြင့် အလှူရှင်များဖြစ်သည့် Mr.Johnny Teng ၊ Mr.Andy Lin၊ Miss.Peng Shun Chen၊ Miss.Michelle Wang and Miss.Chris Lin တို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် တန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ရှိ Physiological Monitor နှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

သတင်း–စာမျက်နှာ ၈









## ငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ကားဂိုထောင်အဆောက်အအုံအတွက် အာမခံလျော်ကြေး ငွေကျပ်(၆၁)သိန်းကို GWI မှ ပေးအပ်

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ကားဂိုထောင် အဆောက်အအုံအတွက် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ (GWI)မှ အာမခံလျော်ကြေးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ မြောက်ပြင်၊ ၇၆ လမ်းနှင့် ၂ လမ်းထောင့်ရှိ အိမ်ပိုင်ရှင်၏နေအိမ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါပွဲတွင် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ(မန္တလေးရုံး)မှ စီနီယာမန်နေဂျာ ဦးသန်းထိုက်စိုးက အာမခံလျော်ကြေးငွေပေးရခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီအနေဖြင့် ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ကုမ္ပဏီသို့ အာမခံထားရှိသူများက ဝယ်ယူထားသည့် အာမခံအမျိုးအစားများအလိုက် လျော်ကြေးငွေများကို မြန်ဆန်စွာ လိုက်လံပေးအပ်လျက်ရှိကြောင်း၊ အာမခံလျော်ကြေးငွေ အနည်းအများပမာဏကို ပျက်စီးဆုံးရှုံးမှု အခြေအနေပေါ်မူတည်၍ အာမခံထားရှိသူများက အမှန်တကယ် ရသင့်ရထိုက်သည့်ပမာဏဖြစ်စေရန် စိစစ်တွက်ချက် ဆောင်ရွက်ပေးကြောင်း ရှင်းလင်းပြောကြားသည်။

ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ၏ မိတ်ဖက်အာမခံကိုယ်စားလှယ် ဦးမြင့်ဆွေနှင့် ကားဂိုထောင်ပိုင်ရှင် ဒေါ်တင်မာလာကလည်း ယခုကဲ့သို့ အာမခံလျော်ကြေးငွေကို မြန်ဆန်စွာဖြင့် အိမ်တိုင်ရာရောက် လာရောက်ပေးအပ်မှုအပေါ် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ (မန္တလေးရုံး)မှ တာဝန်ရှိသူများသည် ငလျင်ကြောင့် ကားဂိုထောင်ပျက်စီးခဲ့မှုအတွက် အာမခံလျော်ကြေး ငွေကျပ်(၆၁)သိန်းကို ငလျင်အာမခံထားရှိသူ အိမ်ပိုင်ရှင် ဒေါ်တင်မာလာထံသို့ ပေးအပ်ခဲ့သည်။

ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ(GWI) အနေဖြင့် အထွေထွေအာမခံ၊ ကျန်းမာရေးအာမခံ၊ မီးအာမခံ စသည့် အာမခံအမျိုးအစားများစွာကို ဝန်ဆောင်မှုပေးလျက်ရှိပြီး မီးအာမခံထားရှိသူများသာ အပိုအကာအကွယ်အဖြစ် ငလျင်အာမခံကို ဝယ်ယူနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ရေဖြူမြို့နယ် ဒေါက်လောက် ကျေးရွာအနီးရှိ သံကူကွန်ကရစ်ဘေလီတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဧပြီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် တလိုင်းယာကျေးရွာအုပ်စု ဒေါက်လောက်ကျေးရွာအနီး ထားဝယ်ရေနက်ဆိပ်ကမ်းသို့သွားလာသည့်လမ်းပေါ်၌ ထားဝယ်မြစ်အား ဖြတ်သန်းဆောက်လုပ်ထားသည့် အရှည် ပေ ၅၀၀၊ အနံ ၁၂ ပေရှိ သံကူကွန်ကရစ် ဘေလီတံတားအား ယနေ့နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ၆ လက်မ ၃ လက်မရှိ သစ်သားဇလီဖားများနှင့် အပေါ်ပြင်ခင်းများ ပေ ၂၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရသည်။

အဆိုပါ ပျက်စီးခဲ့သည့်တံတားအား ရေဖြူမြို့နယ်လမ်းဦးစီးဌာနမှ အမြန်ဆုံး ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် သံကူကွန်ကရစ်ဘေလီတံတားအား တွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်နေမှုကို ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ် ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့ရှိ မြန်မာသံရုံးသည် ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ခဲ့ရပြီး ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ အမျိုးသမီးထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား မသက်မှူးအိမ်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ Expatriates Management Detention Center အမျိုးသမီးထိန်းသိမ်းရေးစခန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဧပြီ ၂၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံမှ ဂျက်ဒါ - Bangkok - Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ထိုနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

သတင်း - ကျော်ကြီး

ဓာတ်ပုံ - မောင်သီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Kyaw Zay Ya" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနှံ့သာကျေးရွာနေ ကျော်ဇေယျ(ခ)ကျော်ကျော်အား ည ၇ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ငလျင်ဒဏ်သင့် အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်



နေပြည်တော် ဧပြီ ၂၄

ငလျင်ဒဏ်သင့်အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ငလျင်ကော်မတီနှင့် အထူးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြင်ပ ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးမြို့တော်ဝန်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပျက်စီးသွားသော အဆောက်အအုံနှင့် အခြေခံအဆောက်အအုံဆိုင်ရာကိစ္စရပ်များအတွက် နည်းပညာရပ်ဆိုင်ရာ စစ်ဆေးရေး အထောက်အကူပြုအဖွဲ့များအား အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှ ငလျင်ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်လက်ဖွဲ့စည်းပေးထားပြီးဖြစ်၍ ၎င်းအဖွဲ့များအနေဖြင့် ပျက်စီးမှုများကို စမ်းသပ်ကိရိယာများဖြင့် စစ်ဆေးကာ လတ်တလောသာမန်ပြင်ဆင်နိုင်မည့်အခြေအနေ၊ အကြီးစားပြင်ဆင်ရမည့်အခြေအနေနှင့် ပြင်ဆင်၍မရဘဲ ဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေး ဦးစားပေးစီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးမှုများအား စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ညှိနှိုင်းသုံးသပ်ခြင်းနှင့် လတ်တလောဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသည့် ပညာရှင်များက ငလျင်ဒဏ်နှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပိုင်းဝန်းဆွေးနွေးတင်ပြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငလျင်ကော်မတီမှ ပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှပညာရှင်များက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် နိုင်ငံတကာ စံသတ်မှတ်ချက်များကို အခြေခံ၍ ပညာရှင်များနှင့် ပူးပေါင်းပြီး ငလျင်၏စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်၊ မန္တလေးမြို့တော်ဝန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီးခဲ့ရသည့်အခြေအနေ၊ စစ်ဆေးရေးဆောင်ရွက် ပြီးစီးသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သည်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယခုတွေ့ကြုံရသောငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် ယခင်နောက်ဆုံးထုတ်ပြန်ပြီးသော မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC-2020) တွင် ယခုတွေ့ကြုံရသည့် အဆောက်အအုံအပေါ်တွင် ငလျင်ဒဏ်သက်ရောက်လာနိုင်သည့် အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်၍ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC-2025) ကို ထုတ်ဝေနိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။ သတင်းစဉ်

# မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group - APJG) မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းဖြင့် တက်ရောက်ဆွေးနွေး





နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့် ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group - APJG) မျက်နှာချင်းဆိုင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## တွေ့ဆုံဆွေးနွေး

မျက်နှာချင်းဆိုင်အစည်းအဝေး၌ APJG မှ တွဲဖက်သဘာပတိများနှင့် အကဲဖြတ်သူများ၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) နှင့် အာရှပစိဖိတ်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering-APG) အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြသည်။

မျက်နှာချင်းဆိုင်အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသည့်အချက်များအပေါ် APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ တိုးတက်အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောကြုံတွေ့ခဲ့ရသည့် ငလျင်သဘာဝဘေးအန္တရာယ်များ ခံစားနေရသည့် ကာလအတွင်း၌ပင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိဆောင်ရွက်ချက်များအပေါ်တွင်လည်း အသိအမှတ်ပြု၍ အဆင့်သတ်မှတ်ချက်များ တိုးမြှင့်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် FATF ၏ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် စံနှုန်းသတ်မှတ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များနှင့်အညီ ဥပဒေပိုင်းဆိုင်ရာ မူဘောင်များ၊ အဖွဲ့အစည်းပိုင်းဆိုင်ရာ မူဘောင်များ တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း FATF၊ APG အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် APJG မှအကဲဖြတ်သူများက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာပါ လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ထပ်မံရှင်းလင်းသိရှိလိုသည့်အချက်များ မေးမြန်းခဲ့ခြင်းအပေါ် မြန်မာကိုယ်စားလှယ်များက ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းဖြေကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



## လျှပ်စစ်ကြောင့် ပျက်စီးနေသော စစ်ကိုင်း ဆွမ်းဦးပုညရှင်နှင့် ကောင်းမှုတော်စေတီများသို့ သီတဂူဆရာတော်ကြီး ကြည့်ရှုတော်မူ

**စစ်ကိုင်း ဧပြီ ၂၄**

ငလျင်ဒဏ်သင့် စစ်ကိုင်းတောင်၊ ဆွမ်းဦးပုညရှင် စေတီတော် ရှင်းလင်းနေမှုများကို ဧပြီ ၂၁ ရက် ညနေပိုင်းက သီတဂူအဓိပတိဆရာတော်ဘုရားကြီး သွားရောက်ကြည့်ရှုခဲ့သည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးနေသော ဆွမ်းဦးပုညရှင်စောင်းတန်းများ ရှင်းလင်းထားမှုကို ကြည့်ရှုတော်မူခဲ့ပြီး ရောက်ရှိလာသော ယန္တရားကြီးများအား သုံး၍ ပျက်စီးပြိုကျနေသော တံတိုင်းကြီးများ၊ ထုတ်တန်းကြီးများကို ရှင်းလင်းရာ ပိုမိုမြန်ဆန်လာသည်။

နောက်ရက်များတွင် ဆွမ်းဦးပုညရှင်စေတီတော် ဝါးငြမ်းထိုးကာ အနီးကပ် ကြည့်ရှုစစ်ဆေးမည်ဖြစ်ပြီး သီတဂူဆရာတော်ဘုရားကြီးနှင့်အတူ ဓမ္မဒူတဆရာတော် ဒေါက်တာဆေကိန္ဒ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အဆင့်မြင့်အရာရှိကြီးများ၊ ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့များနှင့် အင်ဂျင်နီယာ ဦးချိုဇော်မင်းတို့ တက်ရောက်ခဲ့သည်။

ငလျင်ကြောင့် ထိခိုက်ခဲ့သော စစ်ကိုင်းကောင်းမှုတော် စေတီတော်ကြီးကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက သီတဂူဆရာတော်ကြီးသည် တမ္ပဝတီ ဦးဝင်းမောင်၊ အင်ဂျင်နီယာ ဦးချိုဇော်မင်းတို့နှင့်အတူ သွားရောက်ကြည့်ရှုတော်မူခဲ့သည်။

သီတဂူအဓိပတိဆရာတော်ကြီးအား မိုင်းဖုန်းဆရာတော် အမှူးပြု၍ တပည့်ဒကာ၊ ဒကာမများက စစ်ကိုင်းတောင်ရိုး ငလျင်ဒဏ်ကြောင့် ပြိုပျက်သွားသော ဘုရားစေတီများ ပြုပြင်မွမ်းမံရန်နှင့် ငလျင်ဒဏ်သင့် ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်တို့အတွက် ငွေကျပ်သိန်း ၃၃၀၊ ရိက္ခာအထုပ် ၅၀၀၊ ဆန်အိတ် ၂၅၀၊ ဆီ သုံးပိသာပုံး ၂၅၀ နှင့် ဖိနပ်အရန် ၃၀၀ တို့ကို ဧပြီ ၂၁ ရက်က လာရောက်လှူဒါန်းသွားကြောင်း သိရသည်။

(အပေါ်ပုံ)(၃၉၄)

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနား တက်ရောက်

**မကွေး ဧပြီ ၂၄**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် မကွေးမြို့၊ ကမ်းနားလမ်းရှိ We Love Magway ကျောက်သားပန်းခြံအနီး ဧရာဝတီမြစ်၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များက ဧရာဝတီမြစ်အတွင်းသို့ ငါးခုံးမကောင်ရေ နှစ်သောင်း၊ ငါးမြစ်ချင်းကောင်ရေ တစ်သောင်းခွဲ၊ စုစုပေါင်း ငါးကောင်ရေ သုံးသောင်းခွဲအား ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကုသိုလ်အဖြစ် သက်ကြီးအဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲကို မကွေးမြို့၊ဖန်ခါးမြေဘိုးဘွားရိပ်သာ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မကွေးမြို့ပေါ်နှင့် ဖန်ခါးမြေဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွား စုစုပေါင်း ၆၉ ဦးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က စုစုပေါင်း လှူဒါန်းငွေကျပ် ၇၁ သိန်းကျော်တန်ဖိုးရှိ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား လှူဒါန်းပေးအပ် ကန်တော့ကြပြီး အဘိုး၊ အဘွားများကိုယ်စား သက်ကြီးအဘိုးတစ်ဦးက ဆုတောင်းမေတ္တာ ပြန်လည်ပို့သပေးခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ဖန်ခါးမြေဘိုးဘွားရိပ်သာအတွင်း ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေး ပြုစုစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**




## ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး ခရိုင်ပြည်သူ့စာကြည့်တိုက်လူထုအခြေပြု ဗဟိုဌာနတွင် ဧပြီ ၂၃ ရက် နံနက် ၉ နာရီခွဲက အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အခြေခံစာကြည့်တိုက်သင်တန်းတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာကြည့်တိုက်အမျိုးအစားများအကြောင်းနှင့်ပြည်သူ့စာကြည့်တိုက် စီမံခန့်ခွဲရေးလုပ်ငန်းဖြစ်သည့် စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှုစနစ်၊ စာငှားလုပ်ငန်း၊ စာကြည့်တိုက်ပုံမှန်စစ်ဆေးခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းမြှင့်တင်ရေး ဆောက်ရွက်သွားရမည့်လုပ်ငန်းစဉ်များ၊ စာကြည့်တိုက်အောင်မြင်ရေး ပြုပြင်ဆောင်ရွက်ရန်အချက်များအကြောင်းရှင်းလင်းသင်ကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ပြည်သူ့စာကြည့်တိုက်များဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်အဓိပ္ပာယ်၊ စာကြည့်တိုက်ပညာနှင့် ထူးခြားသည့်ဝိသေသများအကြောင်း သင်ကြားပေးသွားမည် ဖြစ်သည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်ခရိုင်ရုံးနှင့် ခရိုင်ကြီးကြပ်မှုအောက်ရှိ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ စာကြည့်တိုက်လက်ထောက်(၃)၊ ရပ်သံကျွမ်းကျင်(၃)၊ အငယ်တန်းစာရေးများတက်ရောက်ခဲ့ပြီး သင်တန်းအား ဧပြီ ၂၃ ရက်မှ ၂၄ရက်အထိ ၂ရက်ကြာ စာတွေ့၊ လက်တွေ့စနစ်တကျသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

*-*-*-*-*-*

*-*-*-*-*-*-*

## မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အဆောက်အအုံများကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးအကြံပြုပေး



**မန္တလေး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ကြီးကြပ်၍ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ လူငယ်ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ လူနေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးအကြံပြုပေးလျက်ရှိသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးသည့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုအနေအထားများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ကြီးကြပ်၍ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ လူငယ်ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ လူနေထိုင်ရန် သင့်၊ မသင့်၊ ဖြိုဖျက်ရန်လိုအပ်မှု ရှိ၊ မရှိများကို ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့ဖြင့် စစ်ဆေးအကြံပြုလျက်ရှိသည်။

မန္တလေးမြို့ရှိ နေအိမ်များကြံ့ခိုင်မှုစစ်ဆေးရန် လိုအပ်သောအိမ်ရှင်များသည် မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဖုန်း၊ ၀၉-၂၀၄၄၁၄၂၊ ၀၉-၂၀၂၇၃၃၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ဝဲပုံ)

**မောင်ပြည်သူ(မန္တလေး)**

*-*-*-*-*-*-*

# သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအား တွေ့ဆုံခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

**မကွေး ဧပြီ ၂၄**

နေပြည်တော်ကောင်စီနယ်မြေတွင် ငလျင်ဘေးဒဏ်ခံစားရသူများအတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှစေလွှတ်သည့် သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေပေးအပ် ခြင်း အခမ်းအနားကို ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေသို့ သွားရောက်လုပ်အားပေးကြမည့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေး ငလျင်ကြီးကြောင့် သွေးသွင်းကုသရန် လိုအပ်သည့်လူနာများအတွက် သန့်ရှင်းသော သွေးပေးပို့နိုင်ရေး သွေးရည်အိတ်များကို ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှာရှိတဲ့ သွေးလှူဘဏ်မှာ စုဆောင်းခဲ့ပြီး အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် ကူညီလှူဒါန်းပေးအပ်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ပေါင်း ၁၀ ဖွဲ့၊ အဖွဲ့ဝင်ပေါင်း ၄၉ ဦးကို ဧပြီ ၄ရက်မှ နေပြည်တော်ကောင်စီနယ်မြေသို့ စေလွှတ်ခဲ့ရာမှာ အစိုးရအဖွဲ့အနေဖြင့် ထောက်ပံ့ငွေများနှင့် ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခဲ့ကြောင်း၊ ယခုတစ်ကြိမ်တွင် အဖွဲ့ခုနစ်ဖွဲ့၊ အဖွဲ့ဝင် ၃၅ ဦးဖြင့် ဒုတိယအကြိမ်ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်ကြမယ့်အဖွဲ့ဝင်များအနေနဲ့ တစ်ဦးနဲ့တစ်ဦး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊တိုင်တိုင်ပင်ပင်ဆောင်ရွက်ကြဖို့ သဘာဝဘေးကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်း အရေးပေါ်ဆေးကုသရေးအဖွဲ့များနှင့်သဘာဝဘေး အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ အမြဲအသင့်ရှိနေစေရေးအတွက် မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က ဆေးစိမ်ခြင်ထောင်များ ပေးအပ်ကာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)



# မိုင်းယောင်းမြို့၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

**မိုင်းယောင်း ဧပြီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူး၍ တတိယအကြိမ် သက်ကြီးပူဇော်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ဧပြီ ၁၇ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊စေတနာရှင်အလှူရှင်များက အသက်၈၅နှင့်အထက် သက်ကြီးဘိုးဘွား ၃၁ ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။



ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲကို အမှတ်(၈)ရပ်ကွက်နောင်ခမ်းကန်၌ နံနက် ၁၀ နာရီတွင် ကျင်းပရာ တီလားဗီးယားငါး သားပေါက်ကောင်ရေ ၃၀၀ ကို ဇီဝိတဒါနကုသိုလ်အဖြစ် နောင်ခမ်းရေကန်အတွင်း လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# အခြေခံပညာစာသင်ကျောင်းများအား ပြန်လည်ထူထောင်ရှင်းလင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**မြစ်သား ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော အခြေခံပညာစာသင်ကျောင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရှင်းလင်းရေးလုပ်ငန်းများကို ဧပြီ ၂၂ရက် နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းကော်မတီအဖွဲ့ဝင်များ ကျောင်းသားမိဘများ၊ သက်ဆိုင်ရာ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများဖြင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများရှင်းလင်းရာတွင် အခြေခံပညာစာသင်ကျောင်း ၁၃၆ ကျောင်းရှိသည့်အနက်မှ ထိခိုက်ပျက်စီးခဲ့သည့် အထက ကျောင်း ၁၅ ကျောင်း၊ အလက ကျောင်း ၁၈ ကျောင်း၊ မူလတန်းကျောင်း ၆၉ ကျောင်း၊ စုစုပေါင်းထိခိုက်ပျက်စီး ၁၀၂ ကျောင်းပြိုကျပျက်စီးခဲ့ရာ ယခုဧပြီ ၂၂ရက်တွင် စာသင်ကျောင်းများ ကြီးကြပ်နိုင်ရေး မြို့နယ်အဆင့်ဌာနဆိုင်ရာများအဖွဲ့လေးဖွဲ့တာဝန်ခွဲဝေသတ်မှတ်ထားပြီး မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးဆောင်သော အဖွဲ့များ၊ အထက(မြို့မ) မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သောအဖွဲ့များ၊ အထက(လမ်းခွ) မွေး/ကု ဦးစီးမှူး ဦးဆောင်သောအဖွဲ့များ၊ အထက(ကူမဲ) ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော် ဦးဆောင်သောအဖွဲ့များ၊ အထက(သာလွန်) ငါးလုပ်ငန်းဦးစီးမှူးဦးဆောင်သောအဖွဲ့များ၊ အထက(ရွာခိုင်ကြီး)ရွာခိုင်ကြီးစခန်းမှူး ဦးဆောင်သောအဖွဲ့များ၊ အလက ၁၈ကျောင်းသက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ရေးမှူးများနှင့်အဖွဲ့များ၊ အမက သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ရပ်ကွက်၊ ကျေးရွာဒေသခံပြည်သူများက မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသောအခြေခံပညာ၊ စာသင်ကျောင်းများအား ပြန်လည်ထူထောင်ရှင်းလင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)

* - * - * - * - * - *

သစ်တော
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ကျွန်းလှ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးဘိုးဘွားများအား မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ အပတ်စဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်အတွင်းမှာရှိတဲ့ ကိုယ်ဝန်ဆောင်များကို ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရန်အတွက် သွေးပေါင်ချိန်ခြင်း၊ သန္ဓေသားအနေအထားမှန်မမှန်စစ်ဆေးပေးခြင်းနဲ့ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား သွေးပေါင်ချိန်ခြင်း၊ သွေးချိုဆီးချိုစစ်ဆေးပေးခြင်းစတဲ့ ကျန်းမာရေး စစ်ဆေးပေးခြင်းများကို အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ မွေးစမှနှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(၄၈၀)



## မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)အား အများပြည်သူ အမြန်ဆုံးဖူးမြော်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကြာမီ ဖူးမြော်နိုင်တော့မည်

**မန္တလေး မေ ၂၄**

ငလျင်ဒဏ်ကြောင့် ဝင်ရောက်ဖူးမြော်ခွင့် ယာယီတားမြစ်ထားသည့် မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)အား အများပြည်သူ အနေဖြင့် အမြန်ဆုံးအနီးကပ်ဖူးမြော်နိုင်ရေးအတွက် ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိရာ မကြာမီ ဖူးမြော်နိုင်တော့မည်ဟု သိရသည်။

ရုပ်ရှင်တော်အား အနီးကပ်ဖူးမြော်နိုင်ရန် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစတင်၍ မဟာဗုဒ္ဓဝင်ပြခန်းရှေ့တွင် LED board ဖြင့် ယာယီ အမိုးအကာမဏ္ဍပ် တည်ဆောက်ကာ တိုက်ရိုက်ထုတ်လွှင့်ပြသထားသည်။

"မဟာမုနိဘုရားမှာ မတ် ၂၈ ရက်က လှုပ်ခဲ့တဲ့ ငလျင်ကြောင့် ပျက်စီးမှုတွေ ရှိခဲ့တာကို နိုင်ငံတော်အကြီးအကဲ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ ပညာရှင်တွေပေါင်းစပ်ပြီး ဂေါပကအဖွဲ့ဝင်တွေ ဆောင်ရွက်လျက်ရှိပါတယ်။ ရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်နိုင်တော့မှာပါ"ဟု ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)မှ ပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိရာ အများပြည်သူအနေဖြင့် လာရောက်လှူဒါန်းနိုင်သကဲ့သို့ လုပ်အားဒါနကောင်းမှုပြုနိုင်ကြောင်း၊ မကြာသော အချိန်ကာလတွင် မဟာမုနိရုပ်ရှင်တော်အား ဖူးမြော်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

၀-၀-၀-၀-၀






## ရန်ကုန်ယူနိုက်တက်အသင်းမှ နည်းပြချုပ် ဦးကျော်ဒွန်းအား (၁)နှစ်စာချုပ် သက်တမ်းတိုး ချုပ်ဆို

ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက အသင်းအား ဦးဆောင်ကိုင်တွယ်ခဲ့သော နည်းပြချုပ်ဖြစ်သူ ဦးကျော်ဒွန်းအား (၁)နှစ်စာချုပ် သက်တမ်းတိုး ချုပ်ဆိုခဲ့သည်။ နည်းပြချုပ် ဦးကျော်ဒွန်းသည် ပြီးခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ရာသီတွင် ရန်ကုန်ယူနိုက်တက်အသင်းအား ၁၅ ပွဲ နိုင်၊ ၆ ပွဲ သရေ၊ ၁ ပွဲ ရှုံးရလဒ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်အောင် ကိုင်တွယ်ခဲ့သူတစ်ဦးဖြစ်သည်။

စာချုပ်သစ် ချုပ်ဆိုမှုနှင့် ပတ်သက်၍ နည်းပြချုပ် ဦးကျော်ဒွန်းက "ရန်ကုန်ယူနိုက်တက်အသင်းမှ စာချုပ်အသစ်ကမ်းလှမ်းလာပါတယ်၊ စာချုပ်သစ်ချုပ်ဆိုခွင့်ရခဲ့တဲ့အတွက် အသင်းက တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်၊ ဒုတိယဆုဆိုတာကို ချေဖျက်ဖို့ ဒီစာချုပ်သစ်ကို လက်ခံလိုက်တာပါ၊ ကာလအတန်ကြာဝေးကွာနေတဲ့ အောင်မြင်မှုတွေကို ပြန်လည်ရရှိဖို့ အသင်းနဲ့အတူ အကောင်းဆုံးကြိုးစားသွားမှာပါ။ ပရိသတ်တွေကလည်း ဆက်လက်အားပေးပါ။ ကျွန်တော်တို့ဘက်ကလည်း အကောင်းဆုံးကြိုးစားသွားပါ့မယ်"ဟု ပြောကြားခဲ့သည်။

နည်းပြချုပ် ဦးကျော်ဒွန်းသည် လာမည့် မြန်မာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ဖွဲ့စည်းမှုများဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

*NGB*

## မြစ်သားမြို့နယ်တွင် ဘိလပ်မြေရောင်းသည့်ဆိုင်များအား ရောင်းဈေးနှင့် ပင်ရင်းဝယ်သည့်ဈေးများကို သိရှိနိုင်ရေးအတွက် လိုက်လံစစ်ဆေးဆောင်ရွက်ပေး

**မြစ်သား မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ဘိလပ်မြေရောင်းသည့်ဆိုင်များအား ရောင်းဈေးနှင့် ပင်ရင်းဝယ်သည့်ဈေးများအား သိရှိနိုင်ရေးအတွက် လိုက်လံစစ်ဆေးဆောင်ရွက်ပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၃ ရက် နံနက် ၁၀ နာရီက လိုက်လံစစ်ဆေးခဲ့သည်။



ထိုသို့ ဘိလပ်မြေအရောင်းဆိုင်များစစ်ဆေးရာတွင် မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်သီတာယဉ်နှင့် တာဝန်ရှိသူများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ မြစ်သားမြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မော်မော်အောင်နှင့် ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ဒုရဲအုပ်ပန်းအိဖြူနှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြစ်သားမြို့နယ်အတွင်းရှိ ဘိလပ်မြေရောင်းသည့်ဆိုင်များအား ရောင်းဈေးနှင့် ပင်ရင်းဝယ်သည့်ဈေးများအား သိရှိနိုင်ရေးအတွက် လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းမင်းထွန်း(မြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



## သောက်သုံးရေ အခက်အခဲမဖြစ်စေရန် ရွှေ့လျားရေသန့်စက်ကြီးဖြင့် သောက်ရေသန့်များ ဖြန့်ဝေ

**ဇမ္ဗူသီရိ မေ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်ခံစားနေရသည့် အလျင်လိုကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်စေရေးအတွက် မေ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ရွှေ့လျားရေသန့်စက်ကြီးဖြင့် သောက်ရေသန့်များ သွားရောက်ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေပေးရာတွင် ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်နှင့် ဝန်ထမ်းများက ရွှေ့လျားရေသန့်စက်ကြီးဖြင့် အလျင်လိုကျေးရွာရှိ ငလျင်ဘေးဒဏ်ခံစားနေရသည့် ကျေးရွာနေပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်စေရေးအတွက် သောက်ရေသန့်ဂါလန် ၆၀၀ ကို စနစ်တကျဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၄၅)**

## မန္တလေးဈေးချိုတောင်ဘက်တိုက်တန်းကြီး ဖျက်သိမ်းပြီးစီး တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ ပစ္စည်းများထုတ်ယူပေး

**မန္တလေး မေ ၂၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၄လမ်း၊ ၂၇လမ်းနှင့်၂၈ လမ်းကြားရှိ မန္တလေးဈေးချိုတောင်ဘက်တိုက်တန်းကြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားများဖြင့် အန္တရာယ်ရှိ အဆောက်အအုံကြီးအား ၁၁ ရက်ကြာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဖြိုဖျက်ရှင်းလင်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုမှ ငလျင်ဒဏ်ကြောင့် သေဆုံးသူ ဝန်ထမ်းငါးဦးနှင့် အရေးကြီးမီးခံသေတ္တာ၊ ရုံးစာရွက်စာတမ်းများ၊ ပြိုကျအဆောက်အအုံ မြေညီထပ်ရှိ ဈေးဆိုင်ခန်းများ၏ ပစ္စည်းများ ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)

၀-၀-၀-၀-၀

၀-၀-၀



## မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်



**ရပ်စောက် ဧပြီ ၂၄**

ယခုအခါ ပူပြင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ရပ်စောက်မြို့နယ်စည်ပင်သာယာရေး ဌာနပိုင် မြို့မဈေးဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများအား မြို့နယ်စည်ပင်သာယာရေးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်ကော်မတီတို့ ပူးပေါင်း၍ ဧပြီ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ယာပုံ)(ကဆ)

## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့်တွေ့ဆုံ၊ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း

**မန္တလေး ဧပြီ ၂၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို ဧပြီ ၂၂ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်း၊ အားကစားနှင့် ကာယပညာသိပ္ပံ၊ ကြက်တောင်အားကစားခန်းမတွင် ကျင်းပခဲ့သည်။



အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာများ ဆွေးနွေးပြောကြားသည်။ထို့နောက်ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့်ဝန်ထမ်းရေးရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများပြုပြင် ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဓဲပုံ)(ဝ၄၅)

## တမုတ်စိုက်ပျိုးရေးနည်းပညာပေးရွှေ့တန်းစခန်းရှိ ကျေးရွာ(၁၀)ရွာတွင် နွေသီးနှံနွေစပါး(၃၃၀၃)ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းပဲမျိုးစုံဖူလုံပိုလျှံရေး နွေပဲသီးနှံများတိုးချဲ့စိုက်ပျိုးလျက်ရှိရာ သင်းတွဲစိုက်ပျိုးရေး နည်းပညာပေးရွှေ့တန်းစခန်းတွင် နွေစပါး(၃၃၀၃) ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးရွှေ့တန်း စခန်းတွင် ကျေးရွာအုပ်စုပေါင်း ၁၈ အုပ်စုရှိပြီး နွေနှမ်းသီးနှံများကို လက်ပံပင်ကျေးရွာအုပ်စုတွင်(၁၇၁) ဧက၊ မယ်ဇယ်ပင်ကျေးရွာအုပ်စုတွင် ၁၁၉ ဧက၊ ပွတ္တိုင်ကျေးရွာအုပ်စုတွင် ၉၀၀ ဧက၊ မြောင်းဦးကျေးရွာအုပ်စုတွင် ၂၃၁ ဧက၊ ကတဲကျေးရွာအုပ်စုတွင် ၁၂၀ ဧက၊ ဇရပ်ဖြူကျေးရွာအုပ်စုတွင် ၃၇၄ ဧက၊ သင်ပုတ်ကျေးရွာအုပ်စုတွင် ၆၇၉ ဧက၊ ညောင်ရွှေကျေးရွာအုပ်စုတွင် ၄၁၆ ဧက၊ ရွာနန်းကျေးရွာအုပ်စုတွင် ၂၀၀ ဧက၊ ညောင်ဝန်းကျေးရွာအုပ်စုတွင် (၉၃)ဧက စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် နွေနှမ်းသီးနှံများကို စိုက်ပျိုးရေးနည်းပညာပေးရွှေ့တန်းစခန်း (၆) ခုတွင် (၁၉၉၈၀)ဧကလျာထားစိုက်ပျိုးလျက်ရှိပြီး နွေစပါးသီးနှံများအောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများလုံလောက်စွာ အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများပေးဝေလျက်ရှိကြောင်း သိရသည်။


(ယာပုံ)

ခရိုင်(ပြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*

ရေနုတ်မြောင်းသည်
အမှိုက်စွန့်ပစ်ရန် နေရာမဟုတ်ပါ။




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး


## လက်မှပေးသော သင်ခန်းစာ

* လက်
တစ်ဖက်ကြည့်လျှင် ငါးချောင်းမြင်မိ
ယှဉ်ကြည့်တိုရှည် မညီပေစွ
သွင်နေထားပြ လူ့ဘဝရဲ့
ကွာဟပြရုပ် ဘဝပုစ္ဆာ
သရုပ်တူတိ တူပါ၏။

* လက်
နှစ်ဖက်ထပ်သော် ထိကပ်လက်ချောင်း
တူရာကြောင်းပြု ပေါင်းစုတွေ့ပုံ
လောကီဘုံက ပေါင်းဆုံလူသား
ဘဝလားသို့ မခြားတူဘိ
တူပါ၏။

* လက်
သူ့ဘက်ထိုးသော် လက်ညှိုးလက်မ
နှစ်ချောင်းပြလျက် ထိုမှတစ်တန်
နောက်သို့ပြန်လှန် တစ်ဖန်လက်ထိုး
တစ်ချောင်းတိုးလိမ့် ထပ်တိုးတစ်ချောင်း
ပေါင်းသုံးချောင်းက ကိုယ့်ကြောင်းကိုယ်သိ
ဆိုနေတီသို့ မြင်မိသောငါ
သင်ခန်းစာပါတကား။ ။

ဝင်းမောင်(မန်း)



## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင်အတွင်း လူနာ၊ ပြင်ပလူနာများအား ငလျင်ဘေးသင့်ပြီးနောက် ပုံမှန်ကြည့်ရှုကုသမှုပေးလျက်ရှိ

**မန္တလေး ဧပြီ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ငလျင်ဘေးသင့်ပြီးနောက် အတွင်းလူနာ၊ ပြင်ပလူနာများအား ပုံမှန်ကြည့်ရှုကုသပေးလျက်ရှိပြီး အထူးကုပြင်ပလူနာဌာနများ ဖွင့်လှစ်ကုသပေးခြင်း၊ ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခြင်း၊ ကျောက်ကပ်ဆေးခြင်း၊ အထူးကြပ်မတ်ကုသဆောင်များတွင် ကုသမှုများပေးခြင်း၊ အစာအိမ်အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နှလုံးဆေးကုသမှုဌာန(Cardiac Catheterization Lab)တွင် ဧပြီ ၂၂ရက်က နှလုံးနှိုးဆွစက်(Pacemaker)တပ်ဆင်ပြီး လူနာ ၃ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကင်ဆာဓာတ်ရောင်ခြည်ဌာနတွင်လည်း ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှုများကို ပြန်လည်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝ၄၅)



## မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်း

**မန္တလေး ဧပြီ ၂၄**

မန္တလေးလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ဘက်စုံ ပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက် ရှိသည်။ **(အပေါ်ပုံ)**

ဧပြီ ၂၃ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီးအား ဘက်စုံ ပြုပြင်ရန် ကျိုက်ထီးဆောင်း ဆရာတော်အမှူးထား၍ ဘီးလင်း မြို့မှ တပည့်သာဝကများက ငွေကျပ် သိန်း ၃၀၀ ကိုလည်း ကောင်း၊ မိဂဒါဝုန်ကျောင်းတိုက် ဆရာတော်ကြီးနှင့် တပည့်များက ငွေကျပ်သိန်း ၁၀၀ ကိုလည်း ကောင်း၊ အမရပူရ မြို့ပြဖွံ့ဖြိုး ရေးစီမံကိန်းမိသားစုမှ ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ မန္တလေးမြို့နေ ဦးအောင်ဝင်းခိုင်+ ဒေါ်ကြူကြူဝင်း(ဟုန်မိသားစု)မှ ငွေကျပ်သိန်း ၅၀ ကိုလည်း ကောင်း၊ မန္တလေးမြို့နေ ဦးအောင် သူ + ဒေါ်ဝါဝါဦး မိသားစုက ငွေကျပ်သိန်း ၅၀ ကိုလည်း ကောင်း၊ ဦးအေးသောင်း + ဒေါ်စန်းစန်းမိသားစုက ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ မန္တလေးမြို့ရှိ MAXIUS Hotel မိသားစုက ငွေကျပ်သိန်း ၅၀ တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရ ယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေ သင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင် ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေ သာပင်စိုက်ထူရန် အလှူငွေ လှူဒါန်းလိုသော အလှူရှင်များ အနေဖြင့် KBZBank ငွေစာရင်း အမှတ် 087302061 00449101 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 017130 1000 12259 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း- ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉- ၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မွေးနေ့မင်္ဂလာအထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်

**မန္တလေး ဧပြီ ၂၄**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က မွေးနေ့မင်္ဂလာ အထိမ်း အမှတ်အဖြစ် ရာသက်ပန် ဆွမ်း ပဒေသာပင်အတွက် အလှူငွေပေး အပ်ခြင်း ပြုလုပ်သည်။ **(ယာပုံ)**



ရှေးဦးစွာ ကထိကဆရာတော် ဘဒ္ဒန္တ ကဝိဇေထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြည်ညို ကြပြီး အလှူရှင် မန္တလေးမြို့နေ ဦးအုန်းမောင် + ဒေါ်အေးအေးရီ တို့၏ (၃၇)နှစ်ပြည့် မွေးနေ့ မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် ယခင်လှူဒါန်းပြီး ငွေ ကျပ် ၆၃ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ်သိန်း ၂၀၊ စုစုပေါင်း ငွေ ကျပ် ၈၃ သိန်းကို ပေးအပ်လှူဒါန်း ရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်မိသားစု က ကျောင်းအုပ်ဆရာတော် အမှူး ပြုသော ကထိကဆရာတော် သင်တန်းသား သံဃာတော်များ အား နေ့ဆွမ်းဆက်ကပ်၍ နဝကမ္မ အလှူငွေများနှင့်တကွ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ ကြောင်း သိရသည်။ **PNT**

## မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်း၍ ပုညသဟာယနေ့စဉ်အရုဏ်ဆွမ်းလောင်း အသင်းတွင် သံဃာတော်များအား အရုဏ်ဆွမ်း လောင်းလှူ



**မြင်းခြံ ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့တွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာများစုပေါင်း၍ သံဃာတော် များအား အရုဏ်ဆွမ်းလောင်းလှူ ခြင်းကို ဧပြီ ၂၃ ရက် နံနက် ၅ နာရီက မြင်းခြံပုညသဟာယ နေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်း တွင် လောင်းလှူခဲ့သည်။

မြို့နယ်အဆင့်ဌာနဆိုင်ရာ များ စုပေါင်း၍ အရုဏ်ဆွမ်း လောင်းလှူရာတွင် မြင်းခြံမြို့ အတွင်းရှိ သံဃာတော်အပါး ၇၁၂ ပါးအား ပဲပြုတ်ထမင်းဆီဆမ်း၊ ကြက်သား၊ ငါးပိကြော်နှင့် သရက် ချဉ်သုပ်များအား လောင်းလှူခဲ့ ကြသည်။ အရုဏ်ဆွမ်းလောင်းလှူ ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ လောင်း လှူခဲ့သည်။

မြင်းခြံမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ နှစ်လ လျှင် တစ်ကြိမ် အရုဏ်ဆွမ်း လောင်းလှူလျက်ရှိကြောင်း သိရ သည်။ **(ဝဲပုံ) (၃၆၆)**

## လျှင်ဘေးဒဏ်သင့် ပြည်သူများအား အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သော ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

**တံတားဦး ဧပြီ ၂၄**

မတ် ၂၈ရက်က လှုပ်ခတ် ခဲ့သော မန္တလေးမြေငလျင်ကြီး ကြောင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သော ထောက်ပံ့ ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကို ယမန်နေ့ နံနက် ၁၀ နာရီက တံတားဦးမြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တံတားဦး မြို့နယ် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုး ဇော်ကိုကိုက အမှာစကားပြော ကြားရာတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင် ကြီးသည် ပြည်သူများအတွက် အလွန်ပင်စိတ်မကောင်းဖြစ်မိပါ ကြောင်း၊ ဒါ့အပြင် ပြည်သူများ အနေဖြင့် ကျန်းမာရေးစောင့်ရှောက် မှုများကိုလည်း အချိန်မီ ဆောင် ရွက်ပေးနိုင်သကဲ့သို့ ကူညီရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်း များကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ ပါကြောင်း၊ ထို့နည်းတူ ပြည်သူ များအတွက် နေထိုင်ရေး၊ အစား အသောက်၊ လူသုံးကုန်ပစ္စည်း များ ရရှိရေးတို့ကိုလည်း အချိန်မီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သန့် ရှင်းသော သောက်သုံးရေရရှိရေး ကိုလည်းကြိုးပမ်းဆောင်ရွက်ပေး ခဲ့ပါကြောင်းနှင့် အမျိုးသားသဘာဝ ဘေးစီမံခန့်ခွဲမှုကော်မတီနှင့် အလှူ ရှင်များမှ ထောက်ပံ့သောပစ္စည်း များကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဖြူး ထောက်ပံ့ပေးစေလိုကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ တံတားဦး မြို့နယ် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မတ် ၂၈ရက် က လှုပ်ခတ်ခဲ့သော မန္တလေးမြေ ငလျင်ကြီးကြောင့် ငလျင်ဘေး ဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ ပေးအပ်ကြသည်။

တံတားဦးမြို့နယ်အနေဖြင့် မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် တံတားဦးမြို့နယ်အနေဖြင့် လုံးဝ ပျက်စီးသည့်အိမ်ပေါင်း ၈၁၆ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် အိမ်ပေါင်း ၁၀၄၅ အိမ်ရှိကြောင်း ပျက်စီးဆုံးရှုံးသည့် အိမ်များ အတွက် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီမှ စားသောက် ကုန်များ၊ ဆေးဝါးပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် လူ သုံးကုန်ပစ္စည်းများကို ထောက်ပံ့ ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၀၉)**



## ဖြူဟွာစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)သို့ ငွေများလှူဒါန်း၊ လျှင်ဘေးသင့်ပြည်သူများအား ငွေနှင့် စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး ဧပြီ ၂၄**

ဖြူဟွာစိုရ် လူမှုကူညီရေး အသင်း(မန္တလေး)သို့ ငလျင်ဘေး သင့် ပြည်သူများအတွက် ငွေများ လှူဒါန်းပွဲကို ဧပြီ ၂၂ ရက် နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂ လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား ရှိ အဆိုပါအသင်းရုံး အစည်း အဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဖြူဟွာစိုရ် လူမှုကူညီရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်း ငြိမ်း၊ အတွင်းရေးမှူး ဦးမောင် မောင်တာနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်း အနားတွင် ငလျင်ဘေးသင့် ပြည်သူများအတွက် ရန်ကုန်မြို့ မြန်မာ-တရုတ် ချစ်ကြည်ရေး အသင်း(ဗဟို)မှ ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ရန်ကင်း မြို့နယ်နေ ဦးတင်ဦး+ဒေါ်သီတာ ဌေး မိသားစုက ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန် တောင်ရပ်ကွက်နေ ဦးဇစ်တာ + ဒေါ်နီနီမိသားစုက ငွေကျပ် ၂၅ သိန်းတို့ကို လာရောက်လှူဒါန်း ရာ အသင်းဥက္ကဋ္ဌနှင့် အသင်း အမှုဆောင်များက လက်ခံရယူ ခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။



ဖြူဟွာစိုရ် လူမှုကူညီရေး အသင်း(မန္တလေး) ဥက္ကဋ္ဌက ဦးဆောင်ပြီး ဧပြီ ၂၃ ရက် နံနက် ပိုင်းက အမရပူရမြို့နယ်ရှိ ငလျင် ဘေးကြောင့် သေဆုံး၊ ဒဏ်ရာရရှိ ခဲ့သော ကျေးရွာများသို့ သွား ရောက်၍ အလှူငွေ၊ ခေါက်ဆွဲ ခြောက်၊ ခြင်ဆေးခွေဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၀၄၅)**

# မြေငလျင်ဘေး ကျရောက်ခဲ့သည့်ဒေသများအတွက် နောက်ဆက်တွဲ ကျန်းမာရေးအန္တရာယ်သတိပြုဖွယ်

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်သူများ၊ မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့် နေရာများတွင် ယာယီနေထိုင်လျက်ရှိသူများအတွက် အောက်ဖော်ပြပါ နောက်ဆက်တွဲ ကျန်းမာရေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို အကြံပြုရေးသားလိုပါသည်။

**သတိပြုရမည့် ကူးစက်ရောဂါ**

(က) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါမှကာကွယ်ရန် နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့် နှာခေါင်းကို လုံအောင်အုပ်ပါ။

(ခ) တစ်ခါသုံးတစ်သျှူးများနှင့် Mask တို့ကို စနစ်တကျစွန့်ပစ်ပါ။

(ဂ) မိမိထွေးထုတ်လိုက်သော တံတွေးနှင့် ကွမ်းတံတွေးများကြောင့် အနီးရှိသူများနှင့် လမ်းသွားလမ်းလာများကို အနှောင့်အယှက်မဖြစ်စေရန် အသိသတိဖြင့် ဆင်ခြင်စွာ ထွေးထုတ်ပါ။

(ဃ) မိုးရွာသည့်အချိန်(သို့မဟုတ်)နံနက်ပိုင်း အအေးပိုလာချိန်တွင် အအေးမိခြင်းမဖြစ်စေရေးအတွက်ကိုလည်း သတိပြုသင့်ပေသည်။

**သတိပြုရမည့် ဝမ်းပျက်ဝမ်းလျှောရောဂါ**

(က) ချက်ပြုတ်ပြီး အစားအစာများအား သိမ်းဆည်းသိုလှောင်ထားခြင်း မပြုဘဲ ချက်ချင်းစားသုံးပါ။

(ခ) ရေသန့်စင်ဆေးပြား ခတ်ထားသောရေ (သို့မဟုတ်) FDA အသိအမှတ်ပြု သောက်ရေသန့်ကိုသာ သောက်သုံးပါ။

(ဂ) အစားအသောက် ပြင်ဆင်ချက်ပြုတ်သုံးစွဲရာတွင် ရေသန့်စင်ဆေးပြား(သို့မဟုတ်) ကလိုရင်းဆေး(Bleaching Powder)ခတ်ထားသော ရေကိုအသုံးပြု၍ ချက်ပြုတ်ပါ။

(ဃ)အစားအသောက် မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ(သို့မဟုတ်) ရေမလို လက်သန့်ဆေးရည်အသုံးပြု၍ စနစ်တကျ လက်ဆေးပါ။

(င) တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုပါ။

(စ) ယာယီနေထိုင်ရာ နေရာများတွင် စနစ်တကျ ဆောက်လုပ်ပေးထားသည့် အိမ်သာများကိုသာ အသုံးပြုပါ။

(ဆ) အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ပါ။

(ဇ) အနံ့အသက် မကောင်းတော့သော (သို့မဟုတ်) ပုံသဏ္ဌာန်၊ အရောင်နှင့် အရသာတို့ ပြောင်းလဲနေသော အစားအစာတို့ကို လုံးဝ မစားပါနှင့် (နှမြောစာတို့ကို ရှောင်ပါ)။

**သတိပြုရမည့် မျက်စိနာရောဂါ**

(က)မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်ကို မကြာခဏ သန့်ရှင်းရေးပြုလုပ်ပါ။

(ခ) မျက်စိနာနေပါက လက်ကိုင်ပဝါသန့်သန့်တွင် သန့်ရှင်းသောရေကိုဆွတ်၍ ထိုလက်ကိုင်ပဝါဖြင့် မျက်စိပေါ် အုပ်ပါ။ ပြီးနောက် လက်ကိုင်ပဝါကို ဆပ်ပြာဖြင့် လျှော်ဖွပ်၍ နေပူပူတွင် အခြောက်လှန်းပြီးမှ ဆက်သုံးပါ။

(ဂ) မျက်စိကို လက်ဖြင့် မထိရ၊ မပွတ်ရ။ ထို့ပြင် အခြားသူများကို မျက်စိနာရောဂါ အလွယ်တကူ မကူးစက်နိုင်ရန် မိမိလက်ကို သန့်ရှင်းအောင်ထားပါ။

(ဃ) မျက်စိနာနေသူ၏ အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင်ပစ္စည်းများကို အခြားသူများနှင့် မျှဝေသုံးစွဲခြင်း လုံးဝမပြုရ။ ထို့ပြင် ထိုသူ၏ အဝတ်အစားများကို သီးသန့်လျှော်ဖွပ် သန့်စင်ပါ။

**သတိပြုရမည့် အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်**

(က)ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

(ခ) အလင်းပြန်သော အဖြူရောင်(သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ရွေးချယ်ဝတ်ဆင်ပါ။

(ဂ) ပူပြင်းသည့် နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(ဃ)အရက်သေစာသောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရနိုင်သောကြောင့် ရှောင်ကြဉ်ပါ။

(င) ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်စွာ သောက်ပါ။ (အကယ်၍ ဓာတ်ဆားရည် အလွယ်တကူ မရနိုင်ပါက ဆားနှင့်သကြားတို့ကို ဆတူရော၍ ရေကျက်အေးဖြင့် ဖျော်သောက်ပါ)

(စ) ယခင်ကထက် ရေများများပိုသောက်ပါ။ (ရေခဲရေ မသောက်ရ)

(ဆ) ရေငတ်ပြေစေရန် လက်ဖက်ခြောက် ရေနွေးကြမ်းကို အအေးခံ၍ သောက်သုံးနိုင်ပါသည်။

(ဇ) အပူငြိမ်းသော အအေးဓာတ်စာများဖြစ်သည့် မန်ကျည်းမှည့်ဖျော်ရည်၊ သံပရာရည်၊ ကြံရည်၊ ဖရဲသီး၊ သခွားသီးတို့ကို စားပေးနိုင်ပါသည်။

(ဈ) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(ည)ပူပြင်းခြောက်သွေ့သော ကာလတွင် ကလေးငယ်များ၌ ရေကျောက်ရောဂါနှင့် ဝက်သက်ရောဂါတို့ ဖြစ်ပေါ်ခံစားရတတ်သဖြင့် သနပ်ခါးတုံးကို ကျောက်ပြင်ပေါ်သွေး၍ ရလာသော သနပ်ခါးအနှစ်ကို ခွံ့ကျွေးပေးပါ။ ထို့ပြင် ခန္ဓာကိုယ်အနှံ့ သနပ်ခါးရေကျဲ မကြာခဏ လိမ်းပေးပါ။

**သတိပြုရမည့် ခြင်အန္တရာယ်**

(က)နေ့ရော ညပါ ခြင်ကိုက်မခံရအောင် သတိထားပါ။

(ခ) ခြင်မှတစ်ဆင့် ကူးစက်သောရောဂါမှ ကာကွယ်ရန် ခြင်ထောင် (သို့မဟုတ်) ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ရန်လိုပါသည်။

**သတိပြုရမည့် မြွေအန္တရာယ်**

(က) ယာယီတဲများကို မြွေနှင့် အခြားအဆိပ်ရှိ သတ္တဝါများ မဝင်ရောက်စေရေး သတိပြုဆောင်ရွက်ပါ။

အထက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များအပြင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ သတိပြုရန်အချက်များအတိုင်း သတိပြုလိုက်နာကြရန် လိုအပ်သည်။ အကယ်၍ နေထိုင်မကောင်းဖြစ်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ပြသ၍ ဆေးကုသမှုခံယူကြရမည် ဖြစ်သည်။

အချုပ်ဆိုရသော် ယခုအချိန်ကာလသည် ပူပြင်းသော ရာသီဥတုသို့ ရောက်ပြီဖြစ်သည့်အတွက် အချိန်အခါမဲ့ ဖြစ်တတ်သည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်းများကို ကြိုတင်သိရှိနေကြရမည် ဖြစ်သည်။ ထို့အတူ မြေငလျင်အန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာ သတိပြုရန်အချက်များကိုလည်း ကြိုတင်သိရှိနေကြရမည် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များတွင် ငလျင်လှုပ်ခတ်ခြင်းကို ကြိုတင်သိရှိနိုင်ခြင်း မရှိသေးသည့်အတွက် ကြိုတင်ကာကွယ်မှု မပြုနိုင်ခဲ့ပေ။ ထိုသို့ ကြိုတင်ပြင်ဆင်ကာကွယ်ချိန် မရှိသည့်အတွက်ကြောင့်လည်း ပျက်စီးဆုံးရှုံးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရသည့်အလျောက် ကြီးစွာသော စိတ်ဖိစီးမှုများလည်း ခံစားကြရသည်။ လူတိုင်းသည် ကျန်းမာရေးကောင်းမွန်အောင် နေထိုင်နိုင်မှသာ မိမိတို့၏ လူမှုစီးပွားဘဝကို ကောင်းမွန်စွာ ကျော်ဖြတ်နိုင်မည်ဖြစ်ပါကြောင်းနှင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ကာကွယ်ရင်း မိမိတို့လက်ရှိနေထိုင်သည့် အခြေအနေတွင် ကျန်းမာရေးကို အထူးအလေးထားကြရန် လိုအပ်ပါကြောင်း အကြံပြုလိုက်ရပါသည်။

**စေတနာများစွာ ...**

**တင်ထက်ထက်ဇော်**

---

## ရှေးဟောင်းသမိုင်းဝင်နာဂအမိဌာန် ပုန်းတလုတ် နတ်ရေကန်အတွင်းသို့ သဘာဝမိုးရေများရရှိစေရေး ရေမြောင်းတူးဖော် စီမံဆောင်ရွက်

**ပင်းတယ ဧပြီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ပင်းတယမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် နာဂအမိဌာန် ပုန်းတလုတ်နတ်ရေကန်အတွင်းသို့ မိုးရာသီ မိုးရွာသွန်းလာပါက သဘာဝမိုးရေများ ကောင်းမွန်စွာ စီးဆင်းဝင်ရောက်လာစေရန် ဧပြီ ၂၁ ရက် နံနက် ၉ နာရီက စီမံဆောင်ရွက်လျက်ရှိသည်။



အဆိုပါရေမြောင်း ပြန်လည်တူးဖော် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပင်းတယ မြို့မိ၊ မြို့ဖ ဦးမောင်လေးနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးရုံးမှ ရေမြောင်း မြေတူးစက်ယန္တရားနှင့် မြေသယ်ယာဉ်နှစ်စီးကို မောင်းနှင်သယ်ယူဆောင်ရွက်ပေးသောဝန်ထမ်းများကို မြို့နယ်စည်ပင်သာယာရေး ဦးစီးအရာရှိ ဦးစည်သူဝင်းက ထိန်းသိမ်းဆောင်ရွက်ပေးခြင်းဖြင့် ပုန်းတလုတ်ရေကန် အရှေ့တောင်ဘက်ရှိ မဟာစည်လမ်းမဘေးမှ ရေစီးမြောင်းကြီးအား တူးဖော်၍ မြေကြီးနှင့် အမှိုက်သရိုက်များ ဖယ်ရှားပေးကာ နာဂမိဌာန် ပုန်းတလုတ်ရေကန် ရေထိန်းကန်အထိ ကောင်းမွန်စွာ ဆောင်ရွက်ပေးခဲ့သည်။

ဓနုဒေသ ပင်းတယမြို့နယ်ဖြစ်ပေါ်လာသည့် ခုနှစ်သက္ကရာဇ်မှတ်တမ်းမရှိခဲ့သော်လည်း ရှေးအစဉ်အလာကတည်းက ပုန်းတလုတ်နတ်ရေကန်ဖြစ်ပေါ်လာစေရန် နတ်နဂါးမင်းကြီးက နတ်ငှုံရေသယ်ဆောင်၍ ရေကန်မပျက်စီးစေရန် "ဤရေကန်အတွင်း ငါးမဖမ်းရ၊ လှေမလှော်ရ၊ တံတားမထိုးရ ဖြစ်စေ၊ အကယ်၍ စည်းကမ်းဖောက်ဖျက်မိပါက ဤရေကန် ခန်းခြောက်ပါစေသတည်း" ဟု အမိဌာန်ဖန်ဆင်းပေးခဲ့သည်။ ၈၂ ဒသမ ၇၅ ဧက ကျယ်ဝန်းပြီး ရေအနက်ပေ ၁၆ ပေ ရှိကြောင်းသိရပြီး ယနေ့အချိန်ထိ ကောင်းမွန်စွာ တည်ရှိပါကြောင်းနှင့် ယခုနှစ်နွေရာသီအချိန်အခါသမယ၌ပင် ၁၃ ပေကျော် ရေရှိမှတ်တမ်းအရ သိရသည်။

(ဝဲပုံ)

(၃၃၈)

# နိုင်ငံတကာ အားကစား သတင်းများ

## ပရီးမီးယားလိဂ် အကောင်းဆုံးနည်းပြဆုကို နည်းပြ နူနိုဆန်တို ဆွတ်ခူးရန်ရေပန်းစားလျက်ရှိ

**လန်ဒန် မေ ၂၄**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် အကောင်းဆုံး နည်းပြဆုကို နော်တင်ဟမ်ဖောရက်စ်အသင်းနည်းပြ နူနို ဆန်တိုက ဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။

အဆိုပါ နည်းပြသည် နော်တင်ဟမ်ဖောရက်စ်အသင်းအား ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၃ ပွဲ ကစားအပြီးတွင် ရမှတ် ၆၀ မှတ်ဖြင့် အဆင့် ၄ နေရာတွင် ရပ်တည်အောင် စွမ်းဆောင်နိုင်ခဲ့သလို၊ ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးနည်းပြဆုကိုလည်း သုံးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးရန် ရေပန်းစားလာခြင်းဖြစ်သည်။

နည်းပြ နူနိုဆန်တိုသည် နော်တင်ဟမ်ဖောရက်စ်အသင်းအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၄ ပွဲတွင် ၂၆ ပွဲ နိုင်၊ ၁၇ ပွဲ သရေ၊ ၂၁ ပွဲ ရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ နူနိုဆန်တိုအနေဖြင့် လက်ရှိ ရေပန်းစားနေသည့်အတိုင်း ပရီးမီးယားလိဂ် အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**





## ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ အေစီမီလန်အသင်း တက်ရောက်

**မီလန် မေ ၂၄**

ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ အေစီမီလန်အသင်းက ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

အေစီမီလန်အသင်းသည် ကိုပါအီတလီယာဖလား ဆီမီးဖိုင်နယ်အဆင့်တွင် အင်တာမီလန်အသင်းအား နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် "အခုလို ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အကောင်းဆုံး ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အနိုင်ရရှိပြီး ချန်ပီယံဆုကြီး ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ) (NGB)**

## ဒဂုံပေါ့အသင်းမှ လူငယ်ကစားသမား ကောင်းထက်ပိုင်အား ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူ

**ရန်ကုန် မေ ၂၄**

ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့်မြန်မာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲအတွက် ပဋ္ဌမမြောက်ကစားသမား ခေါ်ယူပြင်ဆင်မှုအနေဖြင့် ဒဂုံပေါ့အသင်းရဲ့ လူငယ်ခံစစ်ကစားသမား ကောင်းထက်ပိုင်အား ထပ်မံခေါ်ယူခဲ့သည်။

ကောင်းထက်ပိုင်သည် ညာခြမ်း ခံစစ်နေရာကစားနိုင်သူဖြစ်ပြီး အသက်(၂၁)အရွယ်ရှိပြီဖြစ်ကာ ရတနာပုံအသင်းနှင့် ဒဂုံပေါ့အသင်းတို့တွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင် ယူ-၁၅ အသင်းတွင်လည်း ရွေးချယ်ခြင်းခံခဲ့ရသည်။ **(ယာပုံ)**

ရန်ကုန်ယူနိုက်တက်အသင်းကို ပြောင်းရွှေ့လာမှုအပေါ် ကောင်းထက်ပိုင်က "ရန်ကုန်ယူနိုက်တက်အသင်းကို ပြောင်းရွှေ့ခွင့်ရတာ ဝမ်းသာပါတယ်။ တကယ်လည်း ဒီအသင်းမှာကစားဖို့ အိမ်မက်မက်ခဲ့တာပါ။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အကောင်းဆုံး ကြိုးစားပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။ **(NGB)**




## ဒိန်းဟွိုင်ဆန်အား ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် မေ ၂၄**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီး၊ လီဗာပူး၊ နယူးကာဆယ်နှင့် အာဆင်နယ်အသင်းတို့သည် ဘုန်းမောက်အသင်း နောက်ခံကစားသမား ဒိန်းဟွိုင်ဆန်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။


အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၉ ပွဲ ကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း ဒိန်းဟွိုင်ဆန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီး၊ လီဗာပူး၊ နယူးကာဆယ်နှင့် အာဆင်နယ်အသင်းတို့အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းထံမှ ဒိန်းဟွိုင်ဆန်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**



## အယ်လစ်စတာ လီဗာပူးအသင်းတွင်သာ ဆက်ရှိသွားမည်



**လန်ဒန် မေ ၂၄**

လီဗာပူးအသင်း ကွင်းလယ်ကစားသမား အယ်လစ်စတာက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား အယ်လစ်စတာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၂ ပွဲကစားပြီး ၁၃ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ အယ်လစ်စတာက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းဟာ ကြီးကျယ်ခမ်းနားဆုံး အသင်း တစ်သင်းပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## 2025 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲ မေ ၂၈ ရက်တွင် စတင်မည်

**ပါရီ မေ ၂၄**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲ လာမည့် မေ ၂၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲကို မေ ၂၈ရက်မှ မေ ၅ရက် အထိ ၈ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အောက်ပုံ)**

L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အိမ်ရှင် ပြင်သစ် တင်းနစ်မယ် Lois Boisson ဖြစ်သည်။ **(NGB)**



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၆-၄-၂၀၂၅ | (၁၇)စတုတ် - ရှက်ဖီးလ် Utd(၃) | စတုတ် ၃-၁ ရှက်ဖီးလ် Utd | စတုတ် (အိမ်) | ၂၂ | ၈ | ၉ | ၅ | ၂၉ | ၂၃ |
| နံနက် ၀း၃၀ နာရီ | (ရှက်ဖီးလ် Utd ၂-၀ စတုတ်) | ရှက်ဖီးလ် Utd ၃-၁ စတုတ် | ရှက်ဖီးလ် Utd (ဧည့်) | ၂၂ | ၁၂ | ၄ | ၆ | ၂၀ | ၁၉ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၆-၄-၂၀၂၅ | (၁)PSG - နိစ်(၅) | PSG ၂-၃ နိစ် | PSG (အိမ်) | ၁၅ | ၁၃ | ၂ | - | ၄၃ | ၁၂ |
| နံနက် ၀း၁၅ နာရီ | (နိစ် ၁-၁ PSG) | နိစ် ၁-၂ PSG | နိစ် (ဧည့်) | ၁၅ | ၅ | ၅ | ၅ | ၂၅ | ၂၃ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၆-၄-၂၀၂၅ | (၃)အတ္တလန္တာ - လက်ချီ(၁၇) | အတ္တလန္တာ ၁-၀ လက်ချီ | အတ္တလန္တာ(အိမ်) | ၁၆ | ၈ | ၄ | ၄ | ၃၁ | ၁၉ |
| နံနက် ၀း၁၅ နာရီ | (လက်ချီ ၀-၄ အတ္တလန္တာ) | လက်ချီ ၀-၂ အတ္တလန္တာ | လက်ချီ(ဧည့်) | ၁၆ | ၃ | ၂ | ၁၁ | ၁၁ | ၂၅ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၆-၄-၂၀၂၅ | (၁၁)စတုဂတ် - ဟိုင်ဒင်ဟိမ်း(၁၆) | စတုဂတ် ၃-၃ ဟိုင်ဒင်ဟိမ်း | စတုဂတ်(အိမ်) | ၁၅ | ၆ | ၂ | ၇ | ၃၁ | ၂၆ |
| နံနက် ၀း၀၀ နာရီ | (ဟိုင်ဒင်ဟိမ်း ၁-၃ စတုဂတ်) | ဟိုင်ဒင်ဟိမ်း ၂-၀ စတုဂတ် | ဟိုင်ဒင်ဟိမ်း(ဧည့်) | ၁၅ | ၃ | ၃ | ၉ | ၂၀ | ၃၁ |

## တရုတ်သမ္မတ ရှီကျင့်ဖျင်၏ မလေးရှားခရီးစဉ်အတွင်း အပြန်အလှန်ပြည်ဝင်ခွင့်၊ ဗီဇာကင်းလွတ်ခွင့် သဘောတူညီခဲ့


**ကွာလာလမ်ပူ ဧပြီ ၂၄**

မလေးရှားနှင့်တရုတ်နိုင်ငံမှ ခရီးသွားများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် သွားရောက်လည်ပတ်ရာတွင် ပြည်ဝင်ခွင့် ဗီဇာကင်းလွတ်ခွင့်ကို ထပ်မံ၍ ငါးနှစ်တိုးမြှင့်ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါလုပ်ဆောင်ချက်သည် လက်ရှိ ရှိပြီးသား ဗီဇာလွတ်ခွင့်စီမံချက်ကို တိုးချဲ့ခြင်းဖြစ်ပြီး အရှေ့တောင်အာရှဒေသဆိုင်ရာ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုကောင်းများ ရှိနိုင်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

ယင်းအပြန်အလှန် သဘောတူညီချက်အသစ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ မကြာသေးမီက မလေးရှားနိုင်ငံသို့ ပြည်ထောင်စုအဆင့်ဖြင့် ပြုလုပ်သည့် ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးသည့် သဘောတူညီချက် ၇၃၁ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။

ထိုခရီးစဉ်ကို ဧပြီ ၁၄ ရက်မှ ၁၈ ရက်အတွင်း ပြုလုပ်ခဲ့ပြီး ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့လည်း ၎င်း သွားရောက်ခဲ့သည်။



တရုတ်သမ္မတ၏ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးသည့် သဘောတူညီချက်များထဲတွင် ဗီဇာစီမံချက်အသစ်နှင့်ပတ်သက်သည့် သဘောတူညီချက်လည်း ပါဝင်ကြောင်း သိရသည်။

**Mon**



## ဆူဟာတိုအား အမျိုးသားရေးသူရဲကောင်းအဖြစ် ဂုဏ်ပြုရန် အစိုးရ စဉ်းစားနေသည်ဟု အင်ဒိုနီးရှားလူမှုရေးဝန်ကြီး ပြောကြား

**ဂျကာတာ ဧပြီ ၂၄**

အင်ဒိုနီးရှားအစိုးရသည် သမ္မတဟောင်း ဆူဟာတိုအား အမျိုးသားရေးသူရဲကောင်းအဖြစ် ဂုဏ်ပြုမည့်အစီအစဉ်နှင့်ပတ်သက်၍ စဉ်းစားနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၁၉၆၀ ပြည့်လွန်နှစ်များက အင်ဒိုနီးရှားနိုင်ငံ၏ စနစ်သစ်ခေတ်အတွင်း ၎င်း၏အငြင်းပွားဖွယ်ရာလုပ်ရပ်များကြောင့် ယင်းဆုံးဖြတ်ချက်သည် အများပြည်သူအတွက် အငြင်းပွားမှုများကို ဖြစ်ပေါ်စေခဲ့သည်။

နိုင်ငံ၏ ဒုတိယသမ္မတကိုသာ အမျိုးသားရေးသူရဲကောင်းအဖြစ် ဂုဏ်ပြုရန် အဆိုပြုချက်သည် ပြည်သူ့ဆန္ဒများမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး လက်ရှိတွင် စိစစ်ဆဲဖြစ်ကြောင်း လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဆိုင်ဖုလ္လာဟ်ယူဆွတ်ဖ်က ပြောကြားသည်။

ယင်းအဆိုပြုချက်ကို ဒေသအစိုးရများ၊ သမိုင်းပညာရှင်များနှင့် လူထုခေါင်းဆောင်များ ပါဝင်သော ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်များဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။

မကြာသေးမီက ဂျကာတာမြို့တော်၌ ကျင်းပသော ဟရီအခမ်းအနားပြီးနောက် သတင်းထောက်များကို ပြောကြားရာတွင် ဆိုင်ဖုလ္လာဟ်သည် ဆူဟာတို၏ အဆိုပြုချက်ကို ကန့်ကွက်သူများရှိကြောင်း အသိအမှတ်ပြုခဲ့ပြီး အစိုးရအနေဖြင့် အမြင်အမျိုးမျိုးကို သေချာစွာစဉ်းစားနေကြောင်း ၎င်းက ရှင်းပြသည်။

ဆူဟာတိုအား အမျိုးသားရေးသူရဲကောင်းအဖြစ် သတ်မှတ်ရန် အဆိုပြုထားမှုနှင့် ပတ်သက်၍ အငြင်းပွားမှုများရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်အတွင်းရှိ တောင်ဒေါင်လူမျိုးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တည်ရှိသော ကျေးရွာတစ်ရွာတွင် ယမန်နေ့က လူမျိုးစုယဉ်ကျေးမှုအထိမ်းအမှတ်ပွဲတော် ကျင်းပနေသည်ကို တွေ့ရစဉ်။ **Mon**



## ဗြိတိန်နိုင်ငံမှ မျက်လှည့်ဆရာမတစ်ဦးဖြစ်သူ ဆိုဖီလွိုက် မျက်လှည့်ဆရာများအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံရမည်

**လန်ဒန် ဧပြီ ၂၄**

ဗြိတိန်နိုင်ငံမှ မျက်လှည့်ဆရာမတစ်ဦးသည် မျက်လှည့်ဆရာများအဖွဲ့သို့ လှည့်စားဝင်ရောက်ခဲ့ပြီး ၃၄ နှစ်အကြာတွင် အဖွဲ့ဝင်အဖြစ် တရားဝင်အသိအမှတ်ပြုခံရမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆိုဖီလွိုက်သည် ၁၉၉၁ ခုနှစ်က အမျိုးသမီးများကို အဖွဲ့ဝင်အဖြစ် ခွင့်မပြုသေးသည့်ကာလဖြစ်သဖြင့် စာမေးပွဲစစ်ဆေးသူများကို အမျိုးသားအဖြစ် လှည့်စားကာ ထိုအသင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ထိုနှစ်နှောင်းပိုင်းတွင် မျက်လှည့်ဆရာများအဖွဲ့က အမျိုးသမီးများအား အဖွဲ့ဝင်အဖြစ် ခွင့်ပြုမည်ဟု ကြေညာခဲ့သည့်အခါ မစ္စလွိုက်သည် ၎င်း၏လှည့်စားမှုကို ဖော်ထုတ်ခဲ့ပြီး ပထမဆုံးသော အမျိုးသမီးမျက်လှည့်ဆရာများအား အသင်းသို့ လက်ခံသည့်အစည်းအဝေးတွင်ပင် ၎င်းကို အသင်းမှ ထုတ်ပယ်ခဲ့သည်။

၎င်း၏ အခြေအနေကို ဆန်းစစ်မှုပြုလုပ်ပြီးနောက် မျက်လှည့်ဆရာများအဖွဲ့က မစ္စလွိုက်အား တောင်းပန်ခဲ့ကာ ဧပြီ ၂၄ ရက်ညနေတွင် အဖွဲ့ဝင်လက်မှတ်ကို ၎င်း၏လက်သို့ ပေးအပ်မည်ဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်နှောင်းပိုင်းက မျက်လှည့်ဆရာမ မစ္စလွိုက်သည် လန်ဒန်ရှိ သင်တန်းကျောင်းတစ်ခုတွင် ပညာသင်ကြားနေစဉ် မျက်လှည့်ဆရာဂျင်နီဝင်စတန်လေးနှင့် မိတ်ဆွေဖြစ်ခဲ့ကြောင်း သိရသည်။

**Mon**




## ရှိတ်စပီးယားနှင့်ဇနီး လန်ဒန်မြို့လယ်တွင် အတူနေထိုင်ခဲ့သည်ဟု ပေးစာတစ်စောင်ထဲ၌ အထောက်အထား ဖော်ထုတ်တွေ့ရှိ



**လန်ဒန် ဧပြီ ၂၄**

နှစ်ပေါင်း ၂၀၀ ကျော်ကြာသည့်ကာလအတွင်း ရှိတ်စပီးယားသည် လန်ဒန်သို့ခရီးထွက်စဉ် ဇနီးဖြစ်သူ အန်းဟာသာဝေးကို စထရက်ဖို့ဒ်အပွန်အေဗွန်တွင် ထားခဲ့ပြီး သေတမ်းစာတွင် ၎င်းအတွက် မည်သည့်အရာမှ မချန်ခဲ့သဖြင့် ၎င်းအပေါ် စိတ်ဆိုးမှုရှိခဲ့သည်ဟု ယူဆခဲ့ကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သို့သော် ရှိတ်စပီးယား၏ ဇနီးထံသို့ လိပ်မူရေးထားသော ပေးစာတစ်စောင်ကို စစ်ဆေးကြည့်ရာတွင် ၁၆၀၀-၁၆၁၀ ခုနှစ်အတွင်း သူတို့နှစ်ဦးသည် လန်ဒန်မြို့လယ်တွင် အတူနေထိုင်ခဲ့ကြောင်း ဖော်ပြနေသည်။

ထိုသုတေသနကို ဘရစ္စတောလ်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ မက်သယူး စတက်ဂဲလ်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဟတ်ဖို့ဒ်ရှိ စာအုပ်တစ်အုပ်အတွင်းသို့ မတော်တဆ ထည့်သွင်းခဲ့သော စာတွင် ရှိတ်စပီးယားသည် ဂျွန်ဘတ်စ်ဟုခေါ်သော မိဘမဲ့ကလေးထံမှ ပိုက်ဆံကို ထိန်းသိမ်းထားပြီး စာထဲတွင် ရှိတ်စပီးယား၏ဇနီးထံမှ ပိုက်ဆံတောင်းခံထားကြောင်း သိရသည်။

**Mon**

## အမေရိကန်အခြေစိုက် အက်ပဲလ်နှင့် မယ်တာကုမ္ပဏီနှစ်ခုကို ဥရောပသမဂ္ဂက အရေးယူဒဏ်ကြေးငွေများ ချမှတ်လိုက်ပြီ

**ဝါရှင်တန် ဧပြီ ၂၄**

ဥရောပသမဂ္ဂက ယခုအပတ်နှောင်းပိုင်းတွင် အမေရိကန်အခြေစိုက် အက်ပဲလ်ကုမ္ပဏီကို ယူရိုငွေ သန်း ၅၀၀(ဒေါ်လာသန်း ၅၇၀)နှင့် မယ်တာကုမ္ပဏီကို ယူရိုငွေ သန်း ၂၀၀ အရေးယူဒဏ်ကြေးငွေ ချမှတ်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းဒဏ်ကြေးငွေများသည် ဥရောပသမဂ္ဂနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အကြား ကုန်သွယ်ရေးတင်းမာမှုများ ပိုမိုမြင့်တက်စေနိုင်သည့် အခြေအနေတစ်ရပ်အဖြစ် မြင်တွေ့ရသည်။

အမေရိကန်ကုမ္ပဏီများအား အရေးယူသည့် နိုင်ငံများကို အကောက်ခွန်များ တိုးမြှင့်သတ်မှတ်မည်ဟု ထရမ့်က ခြိမ်းခြောက်ထားသည်။

အဆိုပါ ဒဏ်ကြေးငွေများသည် ဥရောပကော်မရှင်က ကြီးမားသော ကုမ္ပဏီများ လွှမ်းမိုးထားသည့် ဈေးကွက်များတွင် သေးငယ်သည့် ပြိုင်ဘက်များ ဝင်ရောက်နိုင်ရန် ရည်ရွယ်သည့် ဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိကို တစ်နှစ်ကြာ စုံစမ်းစစ်ဆေးပြီးမှ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ငလျင်ဆိုင်ရာ မိုဘိုင်းဖုန်းအရေးပေါ်သတိပေးစနစ်ကို ထိုင်းနိုင်ငံ၌ သုံးနေရာခွဲပြီး လက်တွေ့စမ်းသပ်ရန် စီစဉ်

**ဘန်ကောက် ဧပြီ ၂၄**

ထိုင်းနိုင်ငံသည် မိုဘိုင်းဖုန်းအရေးပေါ်သတိပေးစနစ်ကို စမ်းသပ်မည်ဖြစ်သည်ဟု အစိုးရအကြီးတန်းအရာရှိတစ်ဦးက ဧပြီ ၂၃ ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယခုလအစောပိုင်းက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ငလျင်ကြောင့် ဘန်ကောက်မြို့တွင် ပျက်စီးမှုများရှိခဲ့သော်လည်း သတိပေးချက်မပေးပို့ခဲ့ခြင်းနှင့် ပတ်သက်၍ ဝေဖန်မှုများရှိခဲ့ပြီးနောက် ထိုစနစ်ကို စမ်းသပ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစနစ်ကို လာမည့်လတွင် ဘန်ကောက်အပါအဝင် ဒေသအချို့၌ စမ်းသပ်မည်ဖြစ်ကြောင်း ထိုင်းဘေးအန္တရာယ်ကာကွယ်ရေးနှင့်လျှော့ချရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဖဆာကွန်းဘွန်းယာလတ်က ပြောကြားခဲ့သည်။

ယင်းစနစ်သည် သဘာဝဘေးအန္တရာယ်များနှင့် လုံခြုံရေးခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ "မြန်ဆန်စွာနှင့် ကျယ်ပြန့်သော လွှမ်းခြုံမှုဖြင့်" သတိပေးစာများကို မိုဘိုင်းကွန်ရက်သုံးခုမှတစ်ဆင့် ပေးပို့မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ရှင်းလင်းပြောကြားခဲ့သည်။

မေလ ၂ ရက်နေ့မှစတင်၍ မြို့တော်ခန်းမ အဆောက်အအုံလေးခုကဲ့သို့သော ဧရိယာအသေးစားမှ စတင်စမ်းသပ်မည်ဖြစ်ပြီး မေလ ၁၃ ရက်နေ့တွင် ဘန်ကောက်နှင့် ချင်းမိုင်ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံမည့် တတိယနှင့်အကြီးမားဆုံးသော လေ့ကျင့်မှုအထိ စုစုပေါင်းစမ်းသပ်မှု သုံးကြိမ်ပြုလုပ်မည်ဟု ဆိုသည်။

နေထိုင်သူများ၏ မိုဘိုင်းဖုန်းများတွင် ထိုင်းနှင့်အင်္ဂလိပ်ဘာသာဖြင့် သတိပေးစာတိုများ ပေါ်လာမည်ဖြစ်ပြီး မြည်သံနှင့်အတူ ထိုစာတိုများကိုပေးပို့မည်ဖြစ်ကြောင်း သိရသည်။

**Mon**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Yu Shu Xin ၏ Love Grameln Eastern Fantasy ပရိသတ်ကြား ရေပန်းစားနေ

တရုတ်အနုပညာရှင် ယူရှူရှင်းပါဝင်ထားသည့် Love Grameln Eastern Fantasy မှာ ဂိမ်းကမ္ဘာထဲမှ ချစ်စရာမိန်းကလေး




အကြောင်းဖြစ်ပြီး ပရိသတ်ကြား ရေပန်းစားနေသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား နမူနာထွက်ရှိစဉ်ကပင် ယူရှူရှင်း၏ အပြင်အဆင်နှင့် တောက်ပမှုမှာ ဇာတ်လမ်းနှင့် အံဝင်ဂွင်ကျဖြစ်နေပြီး မင်းသားဒင်းယူရှီးနှင့် တွဲဖက်ထားရာ လိုက်ဖက်မှုရှိသောကြောင့် ပရိသတ်ကြား ရေပန်းစားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် Youku နှင့် Tencent ရုပ်ရှင်များ ထွက်ရှိလာပြီး ဇာတ်ကားတိုင်းလက်ရာကောင်းမွန်နေကာ ၉၅ ခုနှစ်ဖွားမင်းသမီး ယူရှူရှင်းနှင့်အတူ ကျန်လျူဆီ၏ The Story of Pear Girl မှာလည်း ထိပ်တန်းဇာတ်ကားတစ်ခု ဖြစ်ခဲ့သည်။

ထိပ်ဆုံးအနုပညာရှင် ပန်းနှစ်ပွင့်ဖြစ်ကြသည့် ယူရှူရှင်းနှင့် ကျန်းလူဆီတို့၏ ဇာတ်ကားနှစ်ကား အပြိုင်ထွက်ရှိလာရာ ပရိသတ်ကြား အားပေးမှုမြင့်မားစွာ ရရှိထားသည်။ (SKY)

## Kenny Ho နှင့် Shixing Choo တို့ အချစ်ဇာတ်လမ်း အနက်ရှိုင်းဆုံးနေရာတွင် သိမ်းထားခဲ့



ကယ်နီဟို ခေါ် ဟော်ကျားကျင့်ခေါ် ကျန်ကျောင်းနှင့်အချစ် ဦးရှီချင်းမေ ခေါ် မေချင်းနှင့်မဆုံစည်းခဲ့ရသော်လည်း သူတို့အချစ်ဇာတ်လမ်းကို အနက်ရှိုင်းဆုံးနေရာတွင် သိမ်းထားခဲ့သည်ဟု ကယ်နီဟိုက ပြောကြားခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကယ်နီဟို ခေါ် ဟော်ကျားကျင့်နှင့် မေချင်းတို့နှစ်ဦး ၁၉၈၉ ခုနှစ်အသက် ၃၀/၂၄ တွင် တွေ့ခဲ့ကြပြီး ချစ်သူများဖြစ်ခဲ့ကြကာ အောင်မြင်မှုကြောင့် တစ်နှစ်အကြာ ညီမရသည့်အချိန်ကြောင့် Justice Bao ဇာတ်လမ်းတွဲတွင် လမ်းခွဲခဲ့ကြသော်လည်း မုန်းတီးမှုမရှိဘဲ အချစ်ဆုံးတစိမ်း အမျိုးသမီးအဖြစ်ထားရှိခဲ့သည်။

ချစ်သူဟောင်းတွင် အသည်းကင်ဆာရှိကြောင်းသိရပြီး ခွဲစိတ်မှုခံယူနေချိန် သွားရောက်ပြုစုခဲ့ပြီး လက်ထပ်ခွင့်ကို ငြင်းဆို၍အသက် ၆၀ ထိ ရောက်မှ အတူနေကြမည်ဟုကတိပြုခဲ့ပြီး ၂၀၁၂ခုနှစ်တွင် လက်လျှော့လိုက်ရသည်။

ကယ်နီဟိုမှာ ၂၀၂၁ခုနှစ်တွင် သမီးလေးတစ်ဦးရှိကြောင်း သိခဲ့ရပြီး ၂၀၂၄ခုနှစ်တွင် ချပြခဲ့ပြီး ဇနီးသည်ကိုချပြခြင်းမရှိခဲ့ချေ။ သူတို့အချစ်သည် ပေါင်းစပ်၍ မရခဲ့သဖြင့်နှလုံးသား၏အနက်ရှိုင်းဆုံးနေရာတွင် သိမ်းထားပြီးအပြင်ပိုင်းလက်တွေ့ဘဝတွင် ရှင်သန်နေထိုင်ရသည်မှာမလွယ်ကူကြောင်း ကယ်နီဟိုကရင်ဖွင့်ပြောကြားသွားသည်။ (SKY)

## Zeenat Aman အနုပညာလောကတွင် မော်ဒယ်လုပ်နေဆဲဖြစ်

အိန္ဒိယအနုပညာလောကတွင် တောက်ပသောကြယ်တစ်ပွင့်ဖြစ်ခဲ့သည့် ဇီးနသ်အာမန်းသည် အသက် ၇၃ နှစ်ရှိပြီဖြစ်ပြီး လက်ရှိအနုပညာလောကတွင် မော်ဒယ်လုပ်နေဆဲဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဇီးနသ်အမန်းသည် အိန္ဒိယတစ်နိုင်ငံလုံး၏ အသည်းစွဲဖြစ်ခဲ့ပြီး အမေရိကန်တွင် ကျောင်းတက်၍ ဘွဲ့ယူခဲ့ပြီး မော်ဒယ်ဘဝမှ အနုပညာရှင်ဖြစ်လာခဲ့ရာ လက်ရှိအသက် ၇၃ နှစ်နှင့် လုပနေဆဲဖြစ်သည်။

အနုပညာလောကတွင် စွမ်းရည်ပြည့်ဝသူတစ်ဦးဖြစ်ကာ Film Fare အကယ်ဒမီသုံးဆုရရှိထားပြီး လက်ရှိအချိန်ထိလည်း အနုပညာကို ချစ်မြတ်နိုးစိတ်နှင့်မော်ဒယ်လုပ်ကိုင်နေဆဲ ဖြစ်သည်။ (SKY)



## Demi Moore ၏ The Substance ရုပ်ရှင်တွင် ပြဿနာကို မိမိကိုယ်မှ စတင်ကြောင်းပြသထား

ဟောလိဝုဒ်မင်းသမီး ဒန်မီမိုးပါဝင်ထားသည့် The Substance ရုပ်ရှင်သည် သင်ခန်းစာကောင်းပေးထားသော်လည်း ဇာတ်သိမ်းမကောင်းဖြစ်ခဲ့ပြီး ပြဿနာကို မိမိကိုယ်မှစတင်ကြောင်း မြင်တွေ့ခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ဒန်မီမိုးနှင့်အတူ မင်းသမီးချောလေး မာဂရက်ကိုပါတွဲ၍ ရိုက်ကူးထားပြီး ဖက်ရှင်စတိုင်လ်သစ်များနှင့် ပွဲထုတ် ပေးထားသည်။

ဒမ်မီမိုး၏ဇာတ်ရုပ်မှာ သူ့ကိုယ်သူလက်မခံရာမှ ပြဿနာအစဖြစ်ခဲ့ပြီး အသက်အရွယ်အရငယ်နုစဉ်တွင် လုပချင်စိတ်ရှိရာမှ အသက်ရလာလျှင် ကျန်းမာရေးသာအဓိကဖြစ်သည်ကို တွေ့ကြရသည်။

အနုပညာရှင်အများစုမှာ ရုပ်ခံကောင်းကြပြီး ကျွမ်းကျင်မှုနှင့် ကမ္ဘာကျော်ဖြစ်လာခဲ့ကြသော်လည်း ဇရာကိုလွန်ဆန်၍ မိမိကိုယ်ကိုလက်မခံဘဲ သဘာဝဆန့်ကျင်ရာမှ ပြဿနာကို အဆုံးသတ်ရန် ခက်ခဲခဲ့ကြသည်ကို တွေ့ရ၍ ဒမ်မီမိုး၏ဇာတ်ရုပ်နှင့် ပတ်သက်၍ ပရိသတ်အချို့က ထောက်ပြထားကြသည်။ (SKY)

## Momoland အဖွဲ့ဝင်ဟောင်း JOOE အဖွဲ့ဖျက်သိမ်းပြီး အသက်မွေးဝမ်းကျောင်းနေရ

ကေပေါ့ပ်အဖွဲ့ မိုမိုလန်းအဖွဲ့ဝင်ဟောင်း ဂျူအီသည်အဖွဲ့ဖျက်သိမ်းပြီးနောက် နှစ်နှစ်ကြာပျောက်ကွယ်နေရာမှ လက်သည်းအနုပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းနေရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



မိုမိုလန်းအဖွဲ့သည် ကေပေါ့ပ်တွင်နေရာတစ်ခုစိုက်ထူနိုင်ခဲ့သော်လည်း အဖွဲ့ပြိုကွဲပြီးနောက် ဂျူအီသည် နှစ်နှစ်တာပျောက်ကွယ်နေရာမှ လက်ရှိအချိန်တွင် လက်သည်းအနုပညာရှင်အဖြစ် ယူကျုံးချန်နယ်တစ်ခုဖွင့်၍ အသက်မွေးနေသည်။

တစ်ချိန်ကစင်ပေါ်တွင် ဝင့်ကြွားစွာသီဆိုကခုန်ခဲ့သော ဂျူအီကို သူတစ်ပါး ခြေ၊ လက်များကိုင်၍ လက်သည်းအနုပညာရှင်အဖြစ် မြင်တွေ့ကြရ၍ ပရိသတ်များ ကရုဏာသက်နေကြသည်။ (SKY)

## နာမည်ကြီးဒါရိုက်တာ Oliver Stone က Gladiator II ကို ဝေဖန်ထား

နာမည်ကြီးဟောလိဝုဒ်ဒါရိုက်တာ အိုလီဗာစတုန်းက Gladiator II ကို အားရစရာမရှိသည့် အနှစ်သာရ မပါသည့် ရုပ်ရှင်ဟု ပြင်းပြင်းထန်ထန်ဝေဖန်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိုလီဗာစတုန်းသည် ဟောလိဝုဒ်ထိပ်တန်းဒါရိုက်တာတစ်ဦးဖြစ်ပြီး အော်စကာဆုရှင်လည်းဖြစ်ကာ ရုပ်ရှင်လောကတွင် ပွင့်လင်းစွာ ဝေဖန်ပြောဆိုတတ်သူတစ်ယောက်ဖြစ်ရာမှ Gladiator နောက်ဆက်တွဲ အပိုင်းနှစ်ရုပ်ရှင်ကိုဝေဖန်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါရုပ်ရှင်သည် အနှစ်သာရကင်းမဲ့နေပြီး ရုပ်ရှင်အပြင်ပိုင်းရိုက်ကူးမှုကောင်းမွန်သော်လည်း ဇာတ်အိမ်တည်ဆောက်မှု အားနည်းခဲ့၍ မူရင်းရုပ်ရှင်ကို အရှိန်မြင့်တင်ရန် လုပ်ဆောင်ထားသည့် ရုပ်ရှင်ဟု ထင်မြင်ကြောင်း ဝေဖန်ထားသည်။ (SKY)




## Running Wild MV မှ ခွေးကလေး Tango မှာ Good Dog Animals အဖွဲ့မှ ဖြစ်

ကင်ဆွတ်ဂျင်(ခေါ်)ဂျင်ပါဝင်ထားသည့် Running Wild MV မှ ခွေးကလေးတန်ဂိုမှာ သားရဲတိရစ္ဆာန်များကို ကာကွယ်ပေးသည့် Good Dog Animals အဖွဲ့မှ ကယ်တင်ထားသော ခွေးကလေးဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့အစည်းက တန်ဂိုကို ရုပ်မြင်သံကြား သို့မဟုတ် ရုပ်ရှင်ရိုက်ကူးရန်အတွက် ကယ်ဆယ်ထားသော အိမ်မွေးတိရစ္ဆာန်၊ ခွေးများကို လေ့ကျင့်ပေးကာ သားရဲတိရစ္ဆာန်ပြန်လည်ထူထောင်ပေးပြီး ၎င်းတို့၏သဘာဝနေရင်းနေရာများတွင် လွှတ်ပေးသည့် အဖွဲ့အစည်း ဖြစ်သည်။

အမ်တီဗီတွင် ကယ်ဆွတ်ဂျင်က သေဆုံးသွားသည့် ကယ်တင်ခံ သူ့ခွေးလေး Jjanggul နေရာ အစားထိုး၍ ရည်ရွယ်ချက်ရှိရှိနှင့် ကယ်ဆယ်ခံထားရသည့် Tango ကို ထည့်သွင်းရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ (SKY)



## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၂၀၇နှင့် ၂၀၈)ဟု ခေါ်တွင်သော စုစုပေါင်း ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန္တာဆန်း(ဘ)ဦးတင့်ဆန်း(၁၃/ပတယ(နိုင်)၀၃၅၇၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြသွေး(ဘ)ဦးလှထွန်း(၉/သစန(နိုင်)၁၃၄၁၉၆) က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းအိရွှေစင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**အကွက်(မမ–၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀ ၂၅၃၁၉၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၁၉၇နှင့် ၁၉၈)ဟု ခေါ်တွင်သော စုစုပေါင်း ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန္တာဆန်း(ဘ)ဦးတင့်ဆန်း(၁၃/ပတယ(နိုင်)၀၃၅၇၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟန်နီကျော်(ဘ)ဦးရန်လင်း(၉/ကဆန(နိုင်)၁၅၈၄၄၀) က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းအိရွှေစင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**အကွက်(မမ–၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀ ၂၅၃၁၉၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျှောင်ရပ်ကွက်၊အကွက်အမှတ်(၅၀၀)၊ဦးပိုင်အမှတ်(၆)၊ ဧရိယာ (၀ ဒသမ ၀၅၀၈)ဧက၊ ပေ(၅၀×၇၀)အကျယ်အဝန်းရှိ မောင်ထွန်း၊ မငွေတို့ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊သံဖရိန်ထပ်ခိုးအဆောက်အအုံ၊ကွန်ပရက်ဆာရေစက်၊ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဒေါ်ညွန့်ရီ(ဘ) ဦးအောင်ကြည်(၉/မရတ(နိုင်)၀၂၄၅၃၈)၊ဦးစိုးသက်တင်(ဘ)ဦးတင်ဝင်း(၉/ခမစ(နိုင်)၀၃၇၀၈၁)၊ဒေါ်သိမ့်သိမ့်သူ(ဘ)ဦးတင်ဝင်း(၉/ခမစ(နိုင်)၀၅၇၆၉၅)၊ ဦးစိန်ဝင်း(ဘ)ဦးတင်အောင်(၉/မရတ(နိုင်)၀၂၄၅၄၂)နှင့် ဒေါ်တင်တင်နု(ဘ)ဦးတင်အောင်(၉/မရတ(နိုင်)၀၂၄၈၀၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဆန်းဦး(B.Sc(Chem),H.G.P)**
**(စာချုပ်စာတမ်းနှင့်မြေယာဥပဒေအကျိုးတော်ဆောင်)(၀၉–၂၀၁၉၁၆၀)**
**ဦးဟန်ထွန်းအောင် (LL.B)** **ဒေါ်ကေစင်နိုင် (LL.B)**
**(အထက်တန်းရှေ့နေ) (၀၉–၇၆၃၇၃၂၇၅၉) (အထက်တန်းရှေ့နေ)(၀၉–၇၆၇၆၇၈၇၃၁)**
**အမှတ်(၁၄–ဏ)၊ ၁၂လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ပြည်ကြီးရန်လုံရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၂-၄-၂၀၂၅) ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၃ ၌ ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လပြည့်၏ အများသိစေရန် ကြေညာခြင်းတွင် "အရှေ့ဘက်ခြမ်း ခဲစင်းပြဧရိယာ (၀ ဒသမ ၁၀၂၈)ဧက"ဟု ဖော်ပြခြင်းအစား "ခဲစင်းပြ ဧရိယာ(၀ ဒသမ ၁၀၂၈)ဧကအတွင်းမှ အရှေ့တောင်ဘက်ခြမ်း မျက်နှာစာ အရှေ့အနောက် (၁၇-ပေ)၊ တောင်မြောက် (၃၅-ပေ)"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အသက်သည်**
**သွေး၊**
**သွေးသည်**
**အသက်။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ လမ်း၈၀နှင့် ၈၂လမ်းကြား၊ လမ်း၂၀နှင့် ၂၁လမ်းကြားရှိ ရှိမ်းဘားမားနတ်ပါက(ခ)ဟင်ဒွတ်စ်သာနီဗလီဂေါပကအလုပ်အမှုဆောင်အဖွဲ့သည် ဗလီပိုင်နှင့် ဝကပ်ဖ်ပြုလုပ်ထားသည့် မြေပစ္စည်းရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန်အတွက် အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူ ဥက္ကဋ္ဌဦးမောင်မောင်နှင့် အတွင်းရေးမှူးဦးတင်မောင်ဋ္ဌေးတို့၏ ညွှန်ကြားချက်အရ ဗလီပိုင်ဝကပ်ဖ်မြေများပေါ်ရှိ မြေငှားများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရှိမ်းဘားမားနတ်ပါက(ခ)ဟင်ဒွတ်စ်သာနီဗလီဂေါပကအလုပ်အမှုဆောင်အဖွဲ့သည်-

(က) မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၄)ရှိ

(၁) ရှိမ်းဘားမားနတ်ပါက(ခ)ဟင်ဒွတ်စ်သာနီဗလီဝင်းရှိ ဝကပ်ဖ်ဗလီပိုင်မြေ မြေငှားနေထိုင်လျက်ရှိ ဦးပိုင်အမှတ်(၅၁-က)မြေကွက်ရှိ အဆောက်အဦးနှင့်တိုက်ခန်းများ

(၂) လမ်း၂၀၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ (ဦးAကာသရ်)မြေငှားနေထိုင်သော ဦးပိုင်အမှတ်(၃၉-ခ)မြေကွက်

(၃) လမ်း၂၀၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ(ဒေါ်အာစီယာ)မြေငှားနေထိုင်သော ဦးပိုင်အမှတ်(၃၉-ခ) မြေကွက်များနှင့်

(၄) အကွက်(၁၅၄)၊ ပုလဲငွေရောင်ရပ်ကွက်၊ ဗလီဝင်း၊ ဦးပိုင်(၅၁-က)၊ မြောက်ဘက်တိုက်၊ ဒုတိယထပ်၊ (N.B-3) ဝကပ်ဖ်တိုက်ခန်း

(၅) အကွက်(၁၅၄)၊ ပုလဲငွေရောင်ရပ်ကွက်၊ ဗလီဝင်း၊ ဦးပိုင်(၅၁-က)၊ ပေ(၄၀) ပတ်လည်(၄)ထပ်အဆောက်အဦး မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၄၈)ရှိ

(၆) ဦးဟူစိန်(ခ)ဦးအေးနှင့်ဒေါ်တင်အေး ဝကပ်ဖ်မြေဖြစ်သည့် ဦးပိုင်အမှတ်(၂၁/၁၄)မြေကွက် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၇)ရှိ

(၇) (ဦးAဝဟားဗ်)မြေငှားနေထိုင်သော ဦးပိုင်အမှတ်(၁/င)မြေကွက်(၂)ကွက်

(၈) (ဦးယာကွတ်) မြေငှားနေထိုင်သော ဦးပိုင်အမှတ်(၁/င)မြေကွက်များအပြင်

(ခ) ဦးစမူနှင့်သားကိုစုတို့ ဝကပ်ဖ်ပြုလုပ်ထားသည့် မြေကွက်ကိုဆက်ခံသူအဆက်အနွယ်များ၊ ဥပဒေသမားများ၊ ရပ်မိရပ်ဖများနှင့်အတူပူးတွဲ၍ ဝကပ်ဖ်ပစ္စည်းထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခဲ့ပြီး

(၉) မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၄) ရှိ လမ်း၈၀နှင့် ၈၁လမ်းကြား၊ လမ်း၂၀နှင့် ၂၁လမ်းကြားရှိ ရှိမ်းဘားမားနတ်ပါက(ခ)ဟင်ဒွတ်စ်သာနီဗလီ၏ တောင်ဘက်ဝင်း၊ ဦးစမူနှင့်သားကိုစုတို့က ဗလီသို့ စွန့်လွှတ်လှူဒါန်းထားသော ဦးပိုင်အမှတ်(၂၉)မြေကွက်စသည့် ဗလီပိုင် ဝကပ်ဖ်မြေများနှင့် တိုက်ခန်းဥပစာများ၏ စီမံခန့်ခွဲမှု လုပ်ဆောင်မှုအရပ်ရပ်အားတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အထက်ပါဗလီပိုင် ဝကပ်ဖ်မြေနှင့် တိုက်ခန်းဥပစာပစ္စည်းရပ်များပေါ်တွင် ငှားရမ်းနေထိုင်သူများသည်

(၁) ဗလီဂေါပကအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက် တောင်းခံ၍ ရရှိမှသာလျှင် အငှားချထားသည့် ဥပစာအားရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းတစ်စုံတရာလွှဲပြောင်းခြင်း၊ အမွေစီမံခန့်ခွဲ၍ ခွဲဝေရယူခြင်း တို့ကို ပြုလုပ်ရန်။

(၂) အငှားချထားသည့် ဥပစာအား တစ်ဆင့်အငှားချထားခြင်း၊ ပူးတွဲနေထိုင်အငှားချခြင်းများ မပြုလုပ်ရန်။

(၃) ဗလီဂေါပက အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက် တောင်းခံရရှိမှသာလျှင် အငှားချထားသော ဥပစာအား ပြုပြင်မွမ်းမံခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း ပြုလုပ်ရန်။

(၄) ငှားရမ်းကာလအတွင်း အငှားချထားသော ဥပစာတွင် တည်ဆဲဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်ခြင်း၊ ပစ္စည်းများထားသိုခြင်း ပြုလုပ်ရန်။

(၅) အငှားချထားသော ဥပစာတွင် နေထိုင်စဉ်အတွင်း ဘာသာရေးကိုထိခိုက်စေသော အပြုအမူ၊ အပြောအဆိုများ ပြုလုပ်ခြင်းမပြုရန်။

(၆) ငှားရမ်းခများအား လကုန်(၂၀)ရက်နေ့ နောက်ဆုံးပေးရန်။

(၇) အငှားချထားသည့် ဥပစာအား ကန်ထရိုက်တာနှင့် အဆောက်အဦးဆောက်လုပ်ခြင်းမပြုရန်။

စသည့်အချက်များအတိုင်း အတိအကျ လေးစားလိုက်နာရန်လိုအပ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အထက်ပါ ညွှန်ကြားချက်အား လိုက်နာမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ–**
**၁။ ဦးမောင်မောင်**
**၂။ ဦးတင်မောင်ဋ္ဌေး**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကွန်းဇော် B.Sc,H.G.P,R,L(part 11),Dip in English**
**အထက်တန်းရှေ့နေ(စဉ်–၁၄၃၈၄/၁၉၈၇)**
**Contant အမှတ်(၂၅၂၆)၊ ရွှေကျီးမြင့်လမ်းသွယ်၊ ၈၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ ပြည်ကြီးကျက်သရေအနောက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို ...

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင်သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နွားမွေးမြူရေးခြံ၌ နွားများမွေးမြူထားရှိမှုနှင့် နွားစာအတွက် နွားစာဟင်းနုနယ်မြက်နှင့် နေဗီယာမြက်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီ နွားမျိုးကောင်းမျိုးသန့်များ ထည့်သွင်းမွေးမြူနိုင်ရေး လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် အသင်းပိုင်မြေပေါ်တွင် နှမ်းစပါးစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ယာဉ်၊ စက်ယန္တရား သိုလှောင်ရုံအတွင်း ယာယီဝန်ထမ်းလိုင်းခန်းများ တည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ-ဝ



# ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**နေပြည်တော် ဧပြီ ၂၄**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေ့လှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေ့လှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

စာမျက်နှာ ၇ သို့ ❖